# ကြေးမုံ The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဌ်မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday, 14 March 2024 ၁၁၄၀၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

### ယနေ့ ဖတ်စရာ

**ဆန်စျေးနှုန်းနှင့် စပါးစျေးနှုန်းများ မြင့်တက်လာမှုအပေါ် မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် တင်ပြထားသည့် အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေး**

စာမျက်နှာ » ၃

**ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ထိရောက်ပါသည်။ အထူးသဖြင့် သက်လတ်ပိုင်း၊ သက်ကြီးပိုင်းအရွယ်များသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အညောင်းအညာပြေစေရန်၊ သွေးလေလည်ပတ်မှုကောင်းစေရန် အသက်အရွယ်နှင့်လိုက်ဖက်သည့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းများကို ပုံမှန်အချိန်ပေး ဆောင်ရွက်သင့်**

ဆောင်းပါး စာမျက်နှာ » ၆

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၀၅ ဦးရှိ**

စာမျက်နှာ » ၈

## မိတ္ထီလာခရိုင်၌ ရေသောက်စနစ်ဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၂၉၀၀၀ ကျော် စိုက်ပျိုးမည်

မိတ္ထီလာ မတ် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၌ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ရေသောက်စနစ်ဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၂၉၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ✪



## ပွင့်ဖြူမြို့နယ်၌ ကုလားပဲစိုက်ခင်းများ ရိတ်သိမ်းခြွေလှေ့လျက်ရှိပြီး ပဲရိတ်အငှားလိုက်သူများ နေ့စဉ်ဝင်ငွေရရှိ



ပွင့်ဖြူ မတ် ၁၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးထားရှိသည့် ကုလားပဲစိုက်ခင်းများ လှိုင်လှိုင်ရိတ်သိမ်းခြွေလှေ့လျက်ရှိရာ ကုလားပဲရိတ် အငှားလိုက်သည့် နေ့စားအလုပ်သမားများ နေ့စဉ်ဝင်ငွေရရှိကာ လုပ်ငန်းအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကုလားပဲသီးနှံရိတ်သိမ်းချိန်မှာ နေ့စားအလုပ်သမားတွေ တစ်ဧကကို ၁၀ ယောက်လောက် ငှားရမ်းပြီး ရိတ်သိမ်းရပါတယ်။ နေ့စားအလုပ်သမားတစ်ယောက်ကို ငွေကျပ် ၄၀၀၀ နှုန်း ပေးရပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖

### ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၁၃

| | | |
|---|---|---|
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၄၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| အောင်လံ | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| တောင်တွင်းကြီး | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| ပြည် | ၃၉ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၉ | ဒီဂရီဆဲလ်စီးယပ် |

ကြေးမုံ

# နိုင်ငံအနာဂတ် နှောင့်ယှက်ဖျက်ဆီးမှုများဆန့်ကျင်

နိုင်ငံတစ်နိုင်ငံနှင့် လူမျိုးတို့၏အနာဂတ်သည် ပညာရည်မြင့်မားမှုအပေါ်တွင် မူတည်သည်။ ပညာတတ် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် တိုးတက်မွေးထုတ်ပေးနိုင်သည့် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် မလွဲမသွေ ဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အနာဂတ် တိုးတက်ကောင်းမွန်လာရေးအတွက် နိုင်ငံများက ပညာရေးတွင် အလေးထား ရင်းနှီးမြှုပ်နှံကြသည်။ ပညာရေးကို အားပေးမြှင့်တင်နေကြသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တို့က ပညာရေးကို အားပေးမြှင့်တင်ပေးခဲ့ကြသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေးအတွက် ပညာရေးကို အလေးထား ဆောင်ရွက်ခဲ့ကြသော်လည်း နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးအခြေအနေအမျိုးမျိုးတို့ကြောင့် ပညာရေးတွင် လိုအပ်ချက်အမျိုးမျိုးရှိခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ လက်ထက်တွင် လိုအပ်ချက်များကို ပြုပြင်ဆောင်ရွက်ပြီး တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

သို့သော် ၂၀၂၁ ခုနှစ်တွင် မြန်မာနိုင်ငံ၌ နိုင်ငံရေးအရ အပြောင်းအလဲဖြစ်ပေါ်လာသည့်အခါတွင် CRPH/ NUG အကြမ်းဖက်အဖွဲ့များက လူငယ်များအား လမ်းမှားပေါ်သို့ရောက်ရှိအောင် လှုံ့ဆော်စည်းရုံးဆောင်ရွက်ခဲ့ခြင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များကို ဖန်တီးပေးပြီး တိုင်းပြည်အတွင်း ဆူပူအကြမ်းဖက်ဖျက်ဆီးနှောင့်ယှက်မှုများပြုလုပ်ခြင်း၊ အထူးသဖြင့် ပြည်သူများ၏ အနာဂတ်အတွက် ပညာသင်ကြားမှုကို နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖျက်ဆီးခြင်းများကို တစိုက်မတ်မတ်ပြုလုပ်ခဲ့ကြရာ ပညာသင်ကြားမှုအခွင့်အလမ်းများနှင့် ပညာရေးဆိုင်ရာ လူသားအရင်းအမြစ်များ ဆုံးရှုံးပျက်စီးခဲ့ရသည်။

တစ်ဆက်တည်းတွင် CRPH/ NUG အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့်အတူ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့က တိုင်းပြည်ပြိုကွဲပျက်စီးရေးကို ပူးပေါင်းကြံစည် လုပ်ကိုင်ဖျက်ဆီးလျက်ရှိရာ နိုင်ငံတော်နှင့် ပြည်သူများ၏ အနာဂတ်တိုးတက်ဖြစ်ထွန်းရေး၌ ကဏ္ဍပေါင်းစုံတွင် နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ပေါ်ခဲ့ရသည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များအနက် ပညာရေးကဏ္ဍ၌ ဆုံးရှုံးနစ်နာမှုများဖြစ်ခဲ့ကြရာတွင် နိုင်ငံတော်၏အနာဂတ်၊ ပြည်သူများ၏အနာဂတ် အတွက်အားထားရမည့် မျိုးဆက်သစ်များ ပညာရေးအခွင့်အလမ်းများ ဆုံးရှုံးနစ်နာခဲ့ရခြင်းများသည် များစွာစိတ်မကောင်းဖွယ်ရာများဖြစ်သည်။

ယခုလက်ရှိအခြေအနေတွင် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုမှုအခြေအနေများအရ မျိုးဆက်သစ်လူငယ်များ ပညာရေးအခွင့်အလမ်း ဆုံးရှုံးနေရသည့်အခြေအနေများကို ထင်ရှားစွာ မြင်တွေ့နိုင်ပေသည်။ ၂၀၂၁ ခုနှစ် မတိုင်ခင်ကာလများက တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဝင်ရောက်ဖြေဆိုသည့် ကျောင်းသား ကျောင်းသူ ခုနစ်သိန်း၊ ရှစ်သိန်း၊ ကိုးသိန်းဖြင့် တိုးတက်လာခဲ့သော်လည်း ၂၀၂၁ ခုနှစ်မှစတင်၍ ဖြစ်ပေါ်လာခဲ့သည့် နိုင်ငံရေးပယောဂအမျိုးမျိုး၊ အကြမ်းဖက်နှောင့်ယှက်ဖျက်ဆီးမှုအမျိုးမျိုးတို့ကြောင့် ပညာရေးကဏ္ဍတွင် အဟန့်အတားများဖြစ်ရပြီး ယခု တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုသူ တစ်သိန်းကျော်မျှရှိသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်ရသည်။ တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် ပညာတတ်များ ဆုံးရှုံးအောင်ပြုလုပ်ခြင်းသည် တိုင်းပြည်အနာဂတ်ကို ဖျက်ဆီးခြင်းသာဖြစ်သည်။

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရေးအတွက် စာစစ်ဌာနများ ဖွင့်လှစ်နိုင်မှုနှင့် ဝင်ရောက်ဖြေဆိုမှုအခြေအနေများကိုကြည့်လျှင် တည်ငြိမ်အေးချမ်းမှုရှိသောဒေသများတွင် စာစစ်ဌာနများဖွင့်လှစ်နိုင်ပြီး ဖြေဆိုသူများပြားသည်ကို တွေ့ရမည်ဖြစ်သည်။ တည်ငြိမ်အေးချမ်းမှုမရှိသော ဒေသများတွင် ဖြေဆိုသူနည်းပါးသည်ကို တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် ကယားပြည်နယ်တွင် စာစစ်ဌာနများ ဖွင့်လှစ်နိုင်ခြင်းမရှိသဖြင့် ကျောင်းသား ကျောင်းသူများ ပညာရေးအခွင့်အလမ်းများဆုံးရှုံးမှုမှာ စိတ်မကောင်းဖွယ်ဖြစ်သည်။ ထို့ကြောင့် အကြမ်းဖက်သောင်းကျန်းမှုများ ဖြစ်ပေါ်နေသောဒေသများတွင် ပညာရေးအခွင့်အလမ်းများ ဆုံးရှုံးနေသည်ကို သတိပြုနိုင်သည်။ လူငယ်လူရွယ်များ လမ်းမှားပေါ်သို့ ရောက်ရှိသွားကြသဖြင့် ပညာရေးအခွင့်အလမ်း ဆုံးရှုံးမှုများလည်း ပါဝင်သည်။

သို့ဖြစ်ရာ တိုင်းပြည်အနာဂတ်၊ ပြည်သူများ၏ အနာဂတ်အတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည့် ပညာရေးအခွင့်အလမ်းများ ဆုံးရှုံးပျက်စီးအောင် ပြုလုပ်ခဲ့ကြသည့် နိုင်ငံရေးပယောဂအမျိုးမျိုးနှင့် အကြမ်းဖက်ဖျက်ဆီးမှုအမျိုးမျိုးတို့ကို မိမိတိုင်းပြည်၊ မိမိလူမျိုး အနာဂတ်အကျိုးကိုရှေးရှု၍ ဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်ကြရမည်ဖြစ်ပါကြောင်း။ ။

## တပ်မတော်နေ့ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဲဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

( ခ ) နိုင်ငံတော်၏အမျိုးသားရေး ရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး လုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများအနေဖြင့် ကျရာအခန်းကဏ္ဍများမှ တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

( ဂ ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ၂၀၂၄ ခုနှစ် ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့

## (World Consumer Rights Day 2024)

### မျှတအလေးမူ တာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု

### (Fair and Responsible AI for Consumers)

၂၀၂၄ ခုနှစ်၊ မတ်လ ၁၅ ရက် (သောကြာနေ့)

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၃-၃-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၃၀၀ | ၈,၅၀၀ | ၂,၇၁၈ | ၂၂,၅၆၅,၄၀၀ |
| MTSH | ၂,၉၀၀ | ၂,၈၅၀ | ၃,၄၁၅ | ၉,၇၄၄,၃၅၀ |
| MCB | ၇,၇၀၀ | ၇,၆၀၀ | ၂၁ | ၁၆၁,၆၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၂၀၅ | ၃၀၇,၅၀၀ |
| TMH | ၂,၃၅၀ | ၂,၅၀၀ | ၁၀၁ | ၂၅၂,၃၅၀ |
| EFR | ၁,၇၅၀ | ၁,၇၅၀ | ၇၄ | ၁၂၉,၅၀၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၀ | ၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၄,၁၀၁ | ၇,၁၂၆,၄၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဆန်ဈေးနှုန်းနှင့် စပါးဈေးနှုန်းများ မြင့်တက်လာမှုအပေါ် မြန်မာနိုင်ငံဆန်စပါးအဖွဲ့ချုပ် တင်ပြထားသည့် အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

နေပြည်တော် မတ် ၁၃

ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ(၁/၂၀၂၄) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ် (၂၆) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။



အစည်းအဝေးသို့ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြား ရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက် ကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းဒေသ ကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌတို့က ဗီဒီယို ကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဒုတိယအကြိမ် အစည်း အဝေးတွင် ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက် ၁၀ ချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပြည်ထောင်စုနယ်မြေ နှင့် တိုင်းဒေသကြီး/ ပြည်နယ်များက ဆက်လက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဓိကစားသောက်ကုန် ဖြစ်သည့် ဆန်၊ စားသုံးဆီဈေးနှုန်းများ တည်ငြိမ်ရေး၊ ၂၀၂၃-၂၀၂၄ မိုးစပါးစိုက်ပျိုးမှုမှ စပါးထွက်ရှိသည့် အချိန် ဖြစ်သော်လည်း ဆန်ဈေးနှုန်းနှင့် စပါးဈေးနှုန်းများ မြင့်တက်လာမှုအခြေအနေအပေါ် မြန်မာနိုင်ငံဆန်စပါး အဖွဲ့ချုပ် (MRF) တင်ပြထားသည့်အကြံပြုချက်များ နှင့်စပ်လျဉ်း၍ ဆွေးနွေးဆောင်ရွက်ခဲ့ပါကြောင်း။

ဗဟိုစာရင်းအင်းအဖွဲ့နှင့် စားသုံးသူရေးရာဦးစီး ဌာနတို့က မြို့ကြီး ၂၂ မြို့တွင် ဖြစ်ပေါ်နေသည့် အဓိကကျသော စားသောက်ကုန်ပစ္စည်း ၁၄ မျိုးတို့၏ ဈေးနှုန်းစာရင်းများကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှစ၍ ကောက်ယူပြီး သုံးသပ်ချက်များ၊ ဈေးကွက်သတင်း များနှင့်အတူ နေ့စဉ်တင်ပြလျက်ရှိပါကြောင်း၊ တိုင်း ဒေသကြီး၊ ပြည်နယ်ကုန်ဈေးနှုန်းကော်မတီများက နှစ်ပတ်လျှင် တစ်ကြိမ် ပြည်ထောင်စုကော်မတီသို့ တင်ပြလျက်ရှိသည့် ဈေးနှုန်းစာရင်းများအရ အချို့ သော တိုင်းဒေသကြီး /ပြည်နယ်များတွင် ဆန်ဈေးနှုန်း အနည်းငယ်မြင့်တက်လျက်ရှိသည်ကို တွေ့ရပါ ကြောင်း၊ လက်ရှိအချိန်တွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေး အတွက် တိုင်းဒေသကြီး/ ပြည်နယ်အချို့တွင် ဆန်နှင့် စားအုန်းဆီအပါအဝင် အခြေခံစားသောက်ကုန်ပစ္စည်း များကို ဝန်ကြီးဌာနရုံးများ၊ ဝန်ထမ်းအိမ်ရာများနှင့် တက္ကသိုလ်သိပ္ပံကျောင်းများသို့ ဈေးကားများဖြင့် အလှည့်ကျ ရောင်းချပေးခြင်း၊ စိုက်ပျိုးထုတ်လုပ်သူ များက သက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက်ရောင်းချ ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

စားသုံးဆီနှင့်စပ်လျဉ်း၍ စားအုန်းဆီ အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ရောင်းချ ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များသို့ စားသုံးဆီ များဖြန့်ဖြူးရာတွင် စားသုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်း စဉ် (SOP) နှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ လက်လီ/လက်ကား ဖြန့်ဖြူးရာတွင် သတ်မှတ်ခွဲတမ်း အတိုင်း ရောက်ရှိစေရေးနှင့် တာဝန်ရှိသူများ ကိုယ်တိုင် ပါဝင်ပတ်သက်မှုမျိုး မဖြစ်စေရေး၊ ရည်ညွှန်းဈေး အတိုင်း ရောင်းချရေးတို့အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ နိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် အရေးပါသည့်ကုန်ပစ္စည်းများ၏ ဈေးနှုန်းတည်ငြိမ် ရေးနှင့်စပ်လျဉ်း၍ ပြည်သူများအတွက် လိုအပ်သည့် ဆေးဝါးနှင့် ဆေးအထောက်အကူပြုပစ္စည်းများ တင်သွင်းမှုကိုလည်း စီးပွားရေးနှင့် ကူးသန်းရောင်း ဝယ်ရေးဝန်ကြီးဌာနက ဦးစားပေးခွင့်ပြုပေးလျက်ရှိ ပါကြောင်း၊ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင် အောင်ဆောင်ရွက်သွားရန်အတွက် တိုင်းဒေသကြီး/ ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် ကော်မတီ များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အသင်းအဖွဲ့အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြ ရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌက ၂/၂၀၂၃ အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ပြီးစီးမှု၊ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အရန်ဆန်များဖြန့်ဖြူး ရောင်းချမည့် အစီအစဉ်များ၊ စားသုံးဆီဖြန့်ဖြူး ခြင်းလုပ်ငန်းများ စနစ်တကျရှိစေရေး ဆောင်ရွက် မည့်လုပ်ငန်းစဉ်များ၊ ကုန်ဈေးနှုန်း တည်ငြိမ်ရေး အတွက် ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် များ၏ ဝန်ကြီးချုပ်များက မိမိတို့ဒေသအလိုက် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု တိုးတက်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍ နှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေး ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အမှုထမ်းများ ရုံးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ ကျင်းပ



နေပြည်တော် မတ် ၁၃

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန အမှုထမ်းများ ရုံးလုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ရေး သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲ အခမ်း အနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဆိုပါ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲ တမ်းအတွင်းဝန်၊ အဆင့်မြင့်အရာရှိကြီးများ၊ သင်တန်း သား သင်တန်းသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူးရုံးများနှင့် ပြည်ထောင်စု တိုင်းရင်း သားကျေးရွာ (ရန်ကုန်)မှ သင်တန်းသား သင်တန်း သူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်း များအနေဖြင့် မိမိဝန်ကြီးဌာန၏ မူဝါဒ၊ လုပ်ထုံး လုပ်နည်းများ၊ လုပ်ငန်းစဉ်များနှင့် ရုံးလုပ်ငန်းများကို ကျွမ်းကျင်နှံ့စပ်စွာ သိရှိနားလည်ခြင်းအားဖြင့် ဌာန အတွင်း လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင်ဖြစ်စေ၊ ပြည်သူကို ဝန်ဆောင်မှုပေးရာတွင်ဖြစ်စေ၊ သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရာ တွင်ဖြစ်စေ ထိရောက်မှန်ကန် မြန်ဆန်စွာဖြင့် အကျိုး ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများသည် နိုင်ငံတော်အစိုးရ ကိုယ်စား တာဝန်ထမ်းဆောင်ကြသူများဖြစ်သည့် အတွက် အစိုးရနှင့် ပြည်သူများအကြား ပေါင်းကူး ဆက်စပ်ပေးသည့် လူပုဂ္ဂိုလ်များ၊ ဌာနများဖြစ်သည် ကို မိမိတို့၏ အသိစိတ်မှ သိရှိမှတ်သားထားရန်နှင့် နိုင်ငံ့သူ နိုင်ငံ့သားများ၏ အကျိုးစီးပွားကို မှန်ကန် သစ္စာရှိစွာ ဖော်ဆောင်ပေးနိုင်သူများဖြစ်စေရန် အထူးလိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးက စွမ်းဆောင်ရည် မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ် ချက်နှင့် သင်တန်းမှ သင်ကြားပို့ချမှုများကို လေ့လာ မှတ်သားလိုက်နာပြီး မိမိတို့၏ လုပ်ငန်းခွင်တွင် လိုအပ်သလို အသုံးချဆောင်ရွက်ရန် တိုက်တွန်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း လက်မှတ်များကို ပေးအပ်ရာ သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူ တစ်ဦးတို့က လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာနက ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၃) ထုတ်ဝေ

နေပြည်တော် မတ် ၁၃

ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဘာသာပြန်ကော်မရှင်က မြန်မာဘာသာသို့ ပြန်ဆိုပြီးသည့် ဥပဒေများကို စာအုပ်ထုတ်ဝေလျက် ရှိရာ ဥပဒေဘာသာပြန်စာအုပ်အမှတ် (၁၃) ကို ထုတ်ဝေပြီးဖြစ်သည်။




ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ကို ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေအရ ၂၀၁၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီး ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ ဥပဒေပညာရှင်များ၊ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာ ရှင်များဖြင့် ဖွဲ့စည်းထားသည်။

ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့သည် အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းခဲ့သော ဥပဒေများကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိရာ မြန်မာ နိုင်ငံဥပဒေများ အက်ဥပဒေ (The Myanmar Laws Act)၊ မှတ်တမ်းများ ဖျက်ဆီးခြင်းအက်ဥပဒေ (The Destruction of Records Act)၊ အစိုးရ မြေချထားရေး အက်ဥပဒေ (The State Grants Act)၊ ပေါက်ကွဲစေတတ် သော ဝတ္ထုပစ္စည်းများအက်ဥပဒေ (The Explosive Substances Act)၊ မတရားအသင်းအဖွဲ့များအက်ဥပဒေ (The Unlawful Associations)၊ ဘဏ်လုပ်ငန်းရှင်များ၏ စာရင်းစာအုပ်များ သက်သေခံအက်ဥပဒေ (The Bankers' Books Evidence Act) တို့ကို မြန်မာဘာသာသို့ ပြန်ဆိုခဲ့ပြီး အဆိုပါမြန်မာဘာသာပြန်ဆိုထားသည့် ဥပဒေများသည် ဥပဒေဘာသာ ပြန်ကော်မရှင်ဥပဒေပုဒ်မ ၁၂ အရ မူလစာမူနှင့် အလားတူ အာဏာ တည်ကြောင်း ဥပဒေဘာသာပြန်ကော်မရှင်၏ အမိန့်အမှတ် ၁/၂၀၂၄ ဖြင့် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

အဆိုပါဘာသာပြန်ဆိုပြီးသည့် ဥပဒေခြောက်ခုကို စုစည်း၍ဥပဒေ ဘာသာပြန်စာအုပ်အမှတ် (၁၃) အဖြစ် ပြုစုထုတ်ဝေခြင်းဖြစ်ပြီး မြန်မာ ဘာသာပြန်ဆိုချက်များကို မူလစာမူနှင့် ယှဉ်တွဲဖတ်ရှုလေ့လာနိုင်ရန် မူလအင်္ဂလိပ်စာမူကိုလည်း ဤစာအုပ်တွင် ထည့်သွင်းဖော်ပြထားသည်။

ဥပဒေရေးရာဝန်ကြီးဌာနက ထုတ်ဝေသည့် ဥပဒေဘာသာပြန် စာအုပ်အမှတ် (၁၃) သည် တရားဝင်ကိုးကားသုံးစွဲနိုင်သည့် စာအုပ် တစ်အုပ်ဖြစ်သည့်အပြင် ဥပဒေပညာရှင်များ၊ ရှေ့နေရှေ့ရပ်များနှင့် ဥပဒေပညာလေ့လာလိုသူများအတွက် အသုံးဝင်မည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ပြီး စာကြည့်တိုက်များတွင် ထားရှိသင့်သည့် စာအုပ် တစ်အုပ်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရွှေစင်ရွှေပြားကပ်လှူရေး ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၃

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်လျက်ရှိသည့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ် ဧရိယာ ၃၄၈၅ စတုရန်းပေအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်နိုင်ရန် ပထမအကြိမ် အလှူတော်ငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၏ ရင်ပြင်တော်ရှိ ဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော် လယ်ဝေးမြို့ ပေါက်မြိုင်ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က စေတီတော်မြတ်ကြီးတွင် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေးနှင့် သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ထို့နောက် ဝန်ကြီးဌာနများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကုမ္ပဏီများ၊ တစ်ဦးချင်း အလှူရှင်များက အလှူငွေများ လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ လယ်ဝေးမြို့ အင်းသာအရှေ့ ဆရာတော်ထံမှ အနုမောဒနာတရား နာကြား၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယနေ့အထိ အလှူတော်ငွေ လက်ခံရရှိမှုအနေဖြင့် အလှူရှင် ၃၂၁ ဦးက ရွှေစင်ရွှေပြား ၆၆၈ ချပ်အတွက် အလှူတော်ငွေကျပ် ၁၃၈၇၇၇၉၄၀၀၀၊ ရွှေဆေးသင်္ကန်းတော်အတွက် ငွေ ၁၄၅၀၂၁၃၂၃၅ ဒသမ ၄၀ ကျပ် စုစုပေါင်းငွေ ၂၈၃၇၉၉၂၆၃၅ ဒသမ ၄၀ ကျပ် (ငွေကျပ်နှစ်သောင်းရှစ်ထောင် သုံးရာခုနစ်ဆယ့် ကိုးသိန်း ကိုးသောင်း နှစ်ထောင့်ခြောက်ရာ သုံးဆယ့် ငါးကျပ်နှင့် လေးဆယ်ပြားတိတိ) ရရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မှော်ဘီမြို့နယ်၌ ဥပ္ပါတသန္တိသုတ်ကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကျင်းပ

**မှော်ဘီ မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းဝင်ရွှေမော်တင်စေတီတော်မြတ်ကြီး အာရုံခံတန်ဆောင်းတော်တွင် ယနေ့နံနက် ၆ နာရီက ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ကျင်းပသည်။



**ဘုရားအနေကဇာတင်**

ဦးစွာ မှော်ဘီမြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဥူးဃောသိတ ဦးဆောင်သောဆရာတော် ၁၀ ပါးက နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဗုဒ္ဓါဘိသေက မင်္ဂလာ ဘုရားအနေကဇာတင်ခြင်း၊ စိန်ရောင်ခြည်ဂါထာတော်ဖြင့် ဘုရားပင့်ဖိတ်ပြီး သမ္မာဒေဝနတ်ဖြဟ္မာအပေါင်းတို့ကိုဖိတ်ကြားကာ ဥပ္ပါတသန္တိသုတ်ဒေသနာတော်မြတ်အကြောင်း သိကောင်းစရာများကိုမိန့်ကြားသည်။ ဩဝါဒစရိယ ဆရာတော်ကြီးများအား အရုဏ်ဆွမ်းနှင့် နဝကမ္မအလှူငွေဆက်ကပ်လှူဒါန်းပြီး ဆရာတော်များနှင့် ပရိသတ်အပေါင်းတို့ကလည်း ဣတိပိသောအစချီသော ရတနာမြတ်သုံးပါး ဂုဏ်တော်ကို ရွတ်ဖတ်ပူဇော်၍ အလှည့်ကျဘာဏက သံဃာတော်များက ဥပ္ပါတသန္တိ ကျမ်းမြတ်ကို ဆက်လက်ရွတ်ဖတ် ပူဇော်လျက်ရှိသည်။

အဆိုပါ ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားသို့ မြို့နယ်သံဃနာယက ဥက္ကဋ္ဌဆရာတော်နှင့် ပင့်သံဃာတော် ၁၀ ပါး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်၊ အဖွဲ့ဝင် (၁) ဗိုလ်မှူးပြည့်စုံကျော်၊ အဖွဲ့ဝင်(၂) ဦးဝင်းစိုး၊ ရွှေမော်တင်ဘုရားကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်သာသနာ့နုဂ္ဂဟအဖွဲ့များ၊ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ဥပ္ပါတသန္တိ ကျမ်းမြတ်ကို မတ် ၁၃ ရက်မှ ၁၅ ရက်အထိ ရွတ်ဖတ်ပူဇော် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**



## မအူပင်မြို့ ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ် ပြန်လည်တင်လှူပူဇော်ပွဲ စည်ကားစွာ ကျင်းပမည်

မအူပင် မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ် (၃)ရပ်ကွက်ရှိ ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်အသစ်ပြန်လည်တင်လှူပူဇော်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီများ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါဘုရားကြီး တန်ဆောင်းတော်အတွင်း၌ ကျင်းပသည်။

ရွှေဘုန်းမြင့်စေတီတော်မြတ်ကြီး၏ ထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်များအား တပေါင်းလဆန်း ၈ ရက်တွင် မြို့တွင်းသို့ လှည့်လည်အပူဇော်ခံသွားမည်ဖြစ်ပြီး တပေါင်းလဆန်း ၁၃ ရက်တွင် အောက်ခြေဘုံ ကိုးဆင့်ပါသော ထီးတော်အသစ်၊ ငှက်မြတ်နားတော်အသစ်၊ စိန်ဖူးတော်အသစ်တို့အား တင်လှူပူဇော်သွားမည်ဖြစ်သည်။ တပေါင်းလဆန်း ၁၄ ရက်တွင် မြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများမှ သံဃာတော်များနှင့် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော်လောင်းလှူပူဇော်မည်ဖြစ်ကြောင်းနှင့် တပေါင်းလပြည့်တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနား ပြုလုပ်ဆောင်ရွက်မည်ဖြစ်သည်။

**ခရိုင်(ပြန်/ဆက်)**

**❂ ရှေ့ဖုံးမှ**

မိတ္ထီလာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုအောက်ရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်တို့တွင် ဆည်ရေ၊ ကန်ရေ သောက်နည်းလမ်းအပြင် စက်ရေတွင်းများဖြင့် နွေစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရေး လျာထား စိုက်ပျိုးလျက်ရှိသည်။ ထိုသို့ လျာထား စိုက်ပျိုးလျက်ရှိရာ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာကန်၊ မုန်တိုင်၊ ချောင်းကောက်၊ ညောင်ကုန်း၊ ရှမ်းမငယ်၊ သင်ပုန်းဆည်၊ ကျင်သာဆည်၊ ပုန်းမကြည်ဆည်၊ ပုဂ္ဂလိကဆည်၊ မင်းလှကန်၊ စမုံဆည်၊ ကင်းတားဆည်၊ တောင်ပုလုကန်၊ ထီးလှိုင်ကန်နှင့် လျှပ်စစ်ရေတင်တို့ဖြင့် မိတ္ထီလာခရိုင်၏ နွေစပါးနှင့် အခြားသီးနှံ စိုက်ပျိုးဧက ၂၉၈၇၁ ဧက စိုက်ပျိုးသွားရန် လျာထားသတ်မှတ်ခဲ့ကြောင်း သိရသည်။

ယင်းသို့ လျာထားသတ်မှတ်ရာတွင် မိတ္ထီလာမြို့နယ်တွင် နွေစပါးစိုက်ဧက ၃၀၀၊ နွေနှမ်း စိုက်ဧက ၁၇၀၊ မလှိုင်မြို့နယ်တွင် နွေစပါးစိုက်ဧက ၂၅ ဧက၊ ဝါစိုက်ဧက ၂၀၀ ၊ နွေနှမ်းစိုက်ဧက ၄၀၅ ဧက၊ ပဲတီစိမ်းစိုက်ဧက ၂၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်သည်။

ထို့အပြင် သာစည်မြို့နယ်တွင် နွေစပါးစိုက်ဧက ၄၂၀၊ ဝါစိုက်ဧက ၆၀၀ ၊ ဝမ်းတွင်းမြို့နယ်တွင် နွေစပါးစိုက်ဧက ၃၆၈၀၊ နွေနှမ်းစိုက်ဧက ၁၂၃၇၉ဧက၊ ပဲတီစိမ်း ၇၄၆၀ဧက၊ ငရုတ်စိုက်ဧက ၃၀၆၀၊ ဝါ ၁၁၅၂ ဧကတို့ကို စိုက်ပျိုးသွားမည်ဖြစ်ရာ မိတ္ထီလာခရိုင်တွင် ဆည်ရေကန်ရေသောက်စနစ်ဖြင့် နွေစပါးနှင့် အခြားသီးနှံ စိုက်ဧက ၂၉၈၇၁ ဧကကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

**❖ ပွင့်ဖြူမှ**

"အခုလို ဆောင်းသီးနှံကုလားပဲစိုက်ခင်းတွေ ရိတ်သိမ်းခြွေလှေ့ချိန်မှာ ကုလားပဲရိတ် အငှားလိုက်တဲ့သူတွေ နေ့စဉ်ဝင်ငွေရရှိပြီး အဆင်ပြေကြတယ်။ တချို့ ကုလားပဲခင်းတွေက တစ်ဧကကို တင်း ၂၀ ခန့် ထွက်ရှိတယ်။ တချို့ကျ တစ်ဧကကို ၁၀ တင်းလောက် ထွက်ရှိပါတယ်။ ဒီနှစ် ကုလားပဲဈေးနှုန်းက အရင်နှစ်ကထက် ဈေးကောင်းရရှိတော့ တောင်သူတွေလည်း အဆင်ပြေကြပါတယ်"ဟု ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာမှ တောင်သူ ဦးစိန်ဌေးက ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဒေသခံတောင်သူများက သီးနှံဝင်ငွေတိုးပွားစေရန်နှင့် စားနပ်ရိက္ခာ ဖူလုံစေရန်အတွက် ဆောင်းသီးနှံကုလားပဲစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံး ၂၁၈၄၃ ဧက လျာထားစိုက်ပျိုးဆောင်ရွက်ခဲ့ရာ ယနေ့အထိ သတ်မှတ်လျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ)**

## သထုံမြို့နယ်၌ နွေရာသီကျောင်းပိတ်ရက် အခြေခံပိုက်ကျော်ခြင်းသင်တန်း ဖွင့်လှစ်

သထုံ မတ် ၁၃

မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ယမန်နေ့ မွန်းလွဲ ၂ နာရီက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းကာ နွေရာသီကျောင်းပိတ်ရက်ကာလ အခြေခံပိုက်ကျော်ခြင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အမှာစကားပြောကြားပြီး အားကစားနှင့် ကာယပညာဦးစီးဌာန သထုံမြို့နယ်ဦးစီးမှူး ဦးမင်းမင်းရှိန်က လူငယ်များအတွက် ပိုက်ကျော်ခြင်း ကစားခြင်း၏ အကျိုးကျေးဇူးများ၊ အခြေခံအချက်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သင်တန်းနည်းပြများက အားကစားနှင့် ကာယပညာဦးစီးဌာန သထုံမြို့နယ် မိုးလုံလေလုံအားကစားရုံ၌ သရုပ်ပြသင်ကြားပေးရာ သင်တန်းသား သင်တန်းသူများက ကြည့်ရှုမှတ်သားခဲ့ကြသည်။ အဆိုပါသင်တန်းသို့ ကျောင်းသား ကျောင်းသူ လူငယ် ၁၅ ဦးတို့ တက်ရောက်ရန် စာရင်းပေးသွင်းထားပြီး အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ၁၃၈၅ ခုနှစ်၊ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ကျင်းပပြုလုပ်မည့် ပြိုင်ပွဲအမျိုးအစားနှင့် လျှောက်လွှာတင်သွင်း၊ လက်ခံရက်များကြေညာ

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ ရန်ကုန်မြို့တော်မဟာသင်္ကြန်မဏ္ဍပ်၌ ယိမ်းအကပြိုင်ပွဲများကို ယခင်နှစ်နည်းတူ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

ယိမ်းပြိုင်ပွဲများကို (၁၂)ဦးယိမ်း (မူကြိုကျောင်းများ)၊ (၁၂)ဦးယိမ်း(ကျောင်းများ)၊ (၁၂)ဦးယိမ်း (ရုံး/အခြားဌာနများ)၊ (၁၆)ဦးယိမ်း (ကျောင်းများ)၊ (၁၆)ဦးယိမ်း (ရုံး/အခြားဌာနများ)၊(၂၀)ဦးယိမ်း (အလွတ်တန်း)၊ (၁၂)ဦးယိမ်း(ကျား)(အလွတ်တန်း)၊ တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုအကများဟူ၍ သီးခြားကျင်းပပေးမည်ဖြစ်ပါသည်။

ပြိုင်ပွဲဝင်မည့်အသင်းများသည် ၁၅-၃-၂၀၂၄ ရက်နေ့မှစ၍ ၃၁-၃-၂၀၂၄ ရက်နေ့အထိ ရုံးချိန်အတွင်း ဗိုလ်တထောင်မြို့နယ်၊ (၄၆) လမ်း၊ (၁၂ ဘီ) ထပ်ရုံး၊ (၁၀)လွှာရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေစီးရေလာစီမံခန့်ခွဲမှု)တွင် လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။

အသေးစိတ်သိလိုသော အချက်အလက်များကို ဗိုလ်တထောင်မြို့နယ်၊ (၄၆)လမ်း၊ (၁၂ ဘီ) ထပ်ရုံး၊ (၁၀)လွှာရှိ အင်ဂျင်နီယာဌာန (ရေစီးရေလာစီမံခန့်ခွဲမှု)သို့ လူကိုယ်တိုင်ဖြစ်စေ၊ အောက်ပါ တယ်လီဖုန်းများသို့ဖြစ်စေ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

| | |
|---|---|
| (က) ဒု-ဥက္ကဋ္ဌ(၁)၊ အကဲဖြတ်လုပ်ငန်းကော်မတီ | - ၀၉၅၁၀၃၂၈၇ |
| (ခ) ဒု-ဥက္ကဋ္ဌ(၂)၊ အကဲဖြတ်လုပ်ငန်းကော်မတီ | - ၀၉၅၀၂၇၂၆၀ |
| (ဂ) အတွင်းရေးမှူး၊ အကဲဖြတ်လုပ်ငန်းကော်မတီ | - ၀၉၅၀၂၇၉၉၀ |
| (ဃ) တွဲဖက်အတွင်းရေးမှူး၊ အကဲဖြတ်လုပ်ငန်းကော်မတီ | - ၀၉၄၅၂၈၁၃၆၇၂ |
| (င) အကဲဖြတ်လုပ်ငန်းကော်မတီရုံးအဖွဲ့ | -၀၉၄၂၀၁၅၂၃၉ |

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် မတ် ၁၃

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၅ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၂ ပါတီအနက် ဖုံကြာဖူး(ခ)ဦးနေဝင်းမောင် ခေါင်းဆောင်သည့် ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီက ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာခြင်းဖြစ်သည်။ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၂ ပါတီအနက် ပါတီ ၉ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ နွေရာသီသင်တန်းများ ဖွင့်လှစ်

တောင်ကြီး မတ် ၁၃

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီကွန်ပျူတာ၊ အင်္ဂလိပ်စာ၊ တရုတ်စကားပြော၊ ကိုရီးယားစကားပြော၊ စစ်တုရင်နှင့် ပန်းချီသင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုများအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးဆိုပြီး လူငယ်ကဏ္ဍကို အလေးထား ထည့်သွင်းချမှတ်ထားပါကြောင်း၊ ယနေ့ လူထုအခြေပြုဗဟိုဌာနတွင် နွေရာသီကာလအတွင်း ဖွင့်လှစ်သည့် သင်တန်းများကို တက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းများကို အချိန်မှန်မှန် တက်ရောက်ပေးကြရန်နှင့် သင်တန်းမှ သင်ကြားပေးမည့် ဘာသာရပ်များကို စိတ်ပါဝင်စားစွာ ကြိုးစားလေ့လာသင်ယူကြရန် ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးညွန့်ရွှေက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး နွေရာသီသင်တန်းများအတွက် ထောက်ပံ့ငွေများနှင့် စစ်တုရင်သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက လက်ခံရယူပြီး ပန်းချီသင်တန်းအတွက် သင်ထောက်ကူပစ္စည်းများကို ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင်က ပေးအပ်ရာ ခရိုင်ဦးစီးမှူး ဦးနိုင်ဝင်းထွန်းက လက်ခံရယူသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လူထုအခြေပြုဗဟိုဌာနရှိ ဟင်းလင်းပြင် အားကစားနေရာတွင် လူငယ်များ လေ့ကျင့်ကစားနေမှု၊ ဂျင်အားကစားခန်းမတွင် လူငယ်လူရွယ်များ ကစားနေမှု၊ သင်တန်းခန်းမတွင် အင်္ဂလိပ်စာဘာသာရပ် သင်ကြားနေမှု၊ ကွန်ပျူတာဘာသာရပ်သင်ကြားနေမှု၊ စာကြည့်တိုက်ခန်းမနှင့် ကလေးများ ရောင်စုံပန်းချီ ဆေးရောင်ခြယ်နေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ပထမအကြိမ် ဘင်းမ်စတက် ငါးလုပ်ငန်းနှင့် မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့ အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်ကျင်းပ

နေပြည်တော် မတ် ၁၃

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် ဦးဆောင်ကျင်းပသည့် ပထမအကြိမ် ဘင်းမ်စတက် ငါးလုပ်ငန်းနှင့် မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့ အစည်းအဝေး (The First Meeting of BIMSTEC Expert Group on Fisheries and Livestock) ကို ယမန်နေ့ နံနက် ၉ နာရီက Virtual စနစ်ဖြင့် ကျင်းပသည်။




အစည်းအဝေးသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ နီပေါ၊ သီရိလင်္ကာ၊ ထိုင်းနိုင်ငံနှင့် ဘင်းမ်စတက်အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းဦးစီးဌာနနှင့် မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်းက တာဝန်ယူ ဆောင်ရွက်ပြီး ဘင်းမ်စတက်အဖွဲ့ဝင် နိုင်ငံများမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် ငါးလုပ်ငန်းနှင့် မွေးမြူရေးဆိုင်ရာ နည်းပညာပူးပေါင်းဆောင်ရွက်မှုများ၊ ငါးနှင့် တိရစ္ဆာန်ထွက်ကုန်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နိုင်ငံအဆင့် စားနပ်ရိက္ခာဖူလုံရေးမဟာဗျူဟာများနှင့် မူဝါဒများဖွံ့ဖြိုးရေးတွင် ကောင်းမွန်သောကျင့်စဉ်များနှင့် အတွေ့အကြုံများ ဖလှယ်ရေး ဆွေးနွေးတင်ပြကြကာ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ လုပ်ငန်းအစီအစဉ်နှင့် လုပ်ငန်းတာဝန်တို့ကို ညှိနှိုင်းဆွေးနွေး အတည်ပြုကြသည်။

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်တွင်ကျင်းပသော (၁၇) ကြိမ်မြောက် ဘင်းမ်စတက် ဝန်ကြီးများအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ ဘင်းမ်စတက် ငါးလုပ်ငန်းနှင့် မွေးမြူရေးဆိုင်ရာ ကျွမ်းကျင်သူအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဘင်းမ်စတက် ပူးပေါင်း ဆောင်ရွက်မှုအောက်ရှိ ကဏ္ဍနှင့် ကဏ္ဍခွဲများကို ၂၀၂၂ ခုနှစ် မတ် ၃၀ ရက်တွင် သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ဘင်းမ်စတက် ထိပ်သီး အစည်းအဝေး၏ အတည်ပြုချက်ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ရာ ငါးလုပ်ငန်းကဏ္ဍသည် လယ်ယာစိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ ဖူလုံရေးကဏ္ဍအောက်၌ ငါးလုပ်ငန်းနှင့် မွေးမြူရေးကဏ္ဍခွဲဖြစ်လာပြီး မြန်မာနိုင်ငံက ဦးဆောင်နိုင်ငံအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## လှည်းကူးမြို့နယ်၌ ပန်းချီသင်တန်းဖွင့်လှစ်

လှည်းကူး မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ အခြေခံ ပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့နံနက် ၉ နာရီက ဖွင့်လှစ်သည်။

အဆိုပါသင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်း နာယက ဦးကျော်မင်းညွန့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ပန်းချီဆရာ ဦးအောင်ခန့်ဗိုလ်က အခြေခံပန်းချီရေးဆွဲနည်း၏ နည်းစနစ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို မတ် ၁၃ ရက်မှ ၁၇ ရက် အထိ ငါးရက်ကြာ သင်တန်းဆရာ ဦးအောင်ခန့်ဗိုလ်နှင့် ဦးသက်ဦးတို့က သင်တန်းသား သင်တန်းသူ ၂၅ ဦးအား စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အသက်ရှည်စွာ အနာမဲ့ရေး

**တပို့တွဲမှ တပေါင်းရာသီပြောင်းသော်လည်း နံနက်ခင်းလေနုအေးက သန့်ရှင်းလတ်ဆတ်အေးမြဆဲ။ ကုန်းမို့တစ်ခု၊ ခုံးကျော်တံတားတစ်ခုတွေ့လျှင် စက်ဘီးကို တွန်းမသွားဘဲ ရအောင်နင်းတက်မည်ဟူသောစိတ်ဖြင့် စက်ဘီးကိုခပ်သွက်သွက်အားစိုက်နင်းခဲ့မှုကြောင့် စို့ထွက်လာသောချွေးများသည်ပင် နံနက်ခင်း တိုက်ခတ်လာသည့် လေပြည်လေညင်းတို့ကြောင့် တစ်မုဟုတ်ချင်းအေးမြသွားကာ အမောပြေသွားသည်။**

**အားကစားဝါသနာရှင်တစ်ဦး**

**“လေကောင်းတွေ ရှူရှိုက်ကြ၊ သဘာဝကိုမှီဝဲကြ၊ ဒီနေ့သစ်ဟာ၊ တို့ကိုအောင်မြင်မှုအသစ်တွေ၊ ပေးလာမယ်”** နိုင်ငံကျော်တေးသံရှင် စိုင်းထီးဆိုင်၏ “နေ့သစ်”သီချင်းကို ဖျတ်ခနဲသတိရလိုက်သည်။ နံနက်ခင်းလေကောင်းလေသန့်များကို ရှူရှိုက်ခြင်း၊ ရန်ကုန်မြို့ကြီးမနိုးထခင်၊ ကားသံ၊ လူသံများ ကင်းဆိတ်ချိန်၊ ကျေးငှက်တို့ တေးဆိုချိန်အတွင်း ပင်ကို ပြကတေ့ သဘာဝကို သူ့သဘာဝအတိုင်း ရှုမြင်ခံစားလိုက်ရသည့်အခိုက်တွင် နေ့သစ်သည် ကျွန်တော်တို့ကို အောင်မြင်မှုအသစ်များ မွေးဖွားပေးခဲ့ပါသည်။



ရှန်ဟိုင်းမြို့ အများပြည်သူအပန်းဖြေနေရာတစ်ခု၌ ထိုက်ကျိအားကစားနည်းဖြင့် နံနက်ခင်း ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း ပြုလုပ်နေကြသူများ။

**ကျန်းမာခြင်းသည် လာဘ်ကြီးတစ်ခုဖြစ်**

အောင်မြင်မှုအသစ်ဟူသည်ကား ရခဲလှသည့် လူ့ဘဝတွင် အသက်ရှည်စွာ အနာမဲ့ရေးပင်ဖြစ်သည်။ မြတ်ဗုဒ္ဓ၏ ဓမ္မစာပေကျမ်းဂန်ထဲတွင်လည်း “အာရောဂျ ပရမာ လာဘာ” (အရပ်အခေါ် အာရောဂျံ ပရမံ လာဘံ) လာဘာ – လာဘ်တကာ လာဘ်တို့တွင်၊ ပရမာ– အနာကင်းမဲ့မှုက သာလွန်သည်ဟု ဖွင့်ဆိုဖော်ပြခဲ့ပါသည်။ မှန်ပေသည်။ အနာကင်းခြင်းသည် လာဘ်ကြီးတစ်ခု၊ ကျန်းမာခြင်းသည်လာဘ်ကြီးတစ်ခု ဖြစ်သည်။ ကျန်းမာခြင်းသည် လောကတွင် ချမ်းသာခြင်းတစ်မျိုး ဖြစ်သည်။ ကျန်းမာမှ စားချင်ရာစားနိုင်သည်။ ဝတ်ချင်ရာ ဝတ်နိုင်သည်။ စိတ်သွားတိုင်း ကိုယ်ပါသည်။ သွားချင်ရာသွားနိုင်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ပန်းတိုင်မြတ်နိဗ္ဗာန်ကို ဆိုက်ရောက်ရေးအတွက် မဂ္ဂင်ရှစ်ရပ်အကျင့်မြတ်ကို ကျင့်ကြံပွားများအားထုတ်ရာတွင်ပင် ကျန်းမာဖို့လိုသည်။

မြတ်စွာဘုရားရှင်က လောကုတ္တရာတရားထူးကို လွယ်လင့်တကူ သိမြင်နိုင်ရေးအတွက် လိုအပ်သည့်အရည်အချင်းများအဖြစ် ဟောကြားတော်မူခဲ့သော ပဓာနိယင်္ဂတရားငါးပါးတွင် ကျန်းမာရေးနှင့်ပတ်သက်၍ “ဝမ်းမီးကောင်းစွာ ကိုယ်ကျန်းမာရမည်”ဟု ထည့်သွင်းဟောကြားတော်မူခဲ့ပါသည်။ မကြာသေးမီ ရက်ပိုင်းအတွင်းက အသိမိတ်ဆွေတစ်ဦး လေဖြန်းသွား၍ ရန်ကုန် ပြည်သူ့ဆေးရုံကြီးသို့ သတင်းမေးရောက်ခဲ့သည်။ သူ့တွင် သွေးတိုး၊ ဆီးချိုရောဂါရှိသည်။ အစားအသောက်မဆင်ခြင်၊ စားချင်ရာစားပြီးမှ ဆေးသောက်လေ့ရှိသည်။ ကိုယ်လက်လှုပ်ရှားမှုနည်းသည်။ လမ်းလျှောက်လျှင် မောပန်း၍လမ်းမလျှောက်ချင်၊ ဟိုနား ဒီနား အငှားယာဉ်ဖြင့်သာ သွားတတ်သည်။ လမ်းလျှောက်ပျင်းသူ သက်လတ်ပိုင်းအမျိုးသမီး အသိမိတ်ဆွေ တစ်ဦးလည်း ရှိသေးသည်။ သူကား ရံဖန်ရံခါ သွေးတိုးသည်မှလွဲ၍ မောခြင်းပန်းခြင်းမရှိ။ လမ်းလျှောက်ပျင်းရိခြင်း သက်သက်သာဖြစ်သည်။



ဗိုလ်ချုပ်လမ်းထိပ်နှင့် ပုဇွန်တောင်ဈေးသို့ပင်လျှင် ဈေးသွားဈေးပြန်ဆိုက်ကားစီးလေ့ရှိသည်။

**ဒုတိယသေဆုံးမှုနှုန်း အများဆုံးရောဂါ**

ယခုလတ်တလော လေဖြတ်လူနာများ များနေသည်။ သက်ကြီးပိုင်းသာမက သက်ငယ် လူငယ်ပိုင်းပါ လေဖြတ်ကြကြောင်း သိရသည်။ ကမ္ဘာပေါ်တွင် အဖြစ်များနေသော ရောဂါများတွင် လေဖြတ်ခြင်းသည် တစ်ခုအပါအဝင်ဖြစ်ပြီး ဒုတိယသေဆုံးမှုနှုန်း အများဆုံး ရောဂါတစ်ခုလည်းဖြစ်လာသည်။ ကမ္ဘာ့ လေဖြတ်ရောဂါအဖွဲ့အစည်း (World Stroke Organization)၏ ထုတ်ပြန်ချက်အရ ကမ္ဘာပေါ်တွင် နှစ်စဉ်လေဖြတ်လူနာအသစ် ၁၃ သန်းခန့်ရှိပြီး နှစ်စဉ် လူဦးရေငါးသန်းခွဲခန့်သည် လေဖြတ်ရောဂါကြောင့် အသက်ဆုံးရှုံးလျက်ရှိကြောင်း သိရသည်။ လေဖြတ်စေသည့်အဓိကအကြောင်းရင်းများတွင် သွေးတိုးရောဂါသည်လည်း တစ်ခုအပါအဝင်ဖြစ်ပြီး သွေးတိုးရောဂါကိုသေသေချာချာ ကုသမှု မခံယူပါက လေဖြတ်နိုင်ခြေ ပုံမှန်ထက် ခုနစ်ဆပိုများကြောင်း ဆေးပညာရှင်များက ဆိုသည်။

လေမဖြတ်အောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ကျန်းမာရေးနှင့်အညီ လတ်ဆတ်သော အသီးအနှံ၊ ဟင်းသီးဟင်းရွက်များ ပုံမှန်စားခြင်း၊ အသင့်အစားအစာ၊ ဆီကြော်စာ၊ အချို၊ အငန် ပါဝင်မှုများသော အစာများကို ရှောင်ခြင်း၊ လေ့ကျင့်ခန်းပုံမှန်လုပ်ခြင်း၊ ညဘက်အိပ်ရေးဝအောင် အိပ်စက်ခြင်း၊ စိတ်ဖိစီးမှုနည်းအောင်နေခြင်း၊ ဆေးလိပ်ဖြတ်ခြင်း၊ အရက်လျှော့သောက်ခြင်း၊ ကိုယ်အလေးချိန်ထိန်းခြင်း၊ သွေးပေါင်ချိန်ပုံမှန်တိုင်းခြင်းတို့ပြုလုပ်ခြင်းဖြင့် ကာကွယ်နိုင်ကြောင်း သိရသည်။

ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများအနက် စက်ဘီးစီးခြင်းနှင့် လမ်းလျှောက်ခြင်းသည် ကျန်းမာရေးအတွက် အဖိုးနည်းဝန်ပါသည့် လေ့ကျင့်ခန်းများဖြစ်သည်။ သွေးတိုးရောဂါ၊ လေဖြတ်ရောဂါ၊ နှလုံးနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများဖြစ်နိုင်ခြေကို ပုံမှန်စက်ဘီးစီးခြင်းဖြင့် လျှော့ချပေးနိုင်ကြောင်း သုတေသနလေ့လာဆန်းစစ်ချက်များအရ သိရသည်။ ထို့ပြင် သွေးလည်ပတ်မှုကောင်းစေပြီး ကိုလက်စထရောများခြင်း၊ အဝလွန်ခြင်းများ မဖြစ်အောင် ထိန်းညှိပေးသည်ဟုလည်းဆိုသည်။

သုတေသန လေ့လာတွေ့ရှိချက်များအရ လေ့ကျင့်ခန်းလုပ်ခြင်းဖြင့် တစ်ပတ်ကို အနည်းဆုံး ကယ်လိုရီ ၂၀၀၀ လောင်ကျွမ်းအောင်လုပ်နိုင်သည်ဟု သိရသည်။ တစ်နာရီခန့် စက်ဘီးစီးခြင်းဖြင့် ကယ်လိုရီ ၃၀၀ ခန့် လောင်ကျွမ်းအောင်လုပ်နိုင်ပြီး တစ်နေ့လျှင် နှစ်ကြိမ်ခန့် စက်ဘီးစီးခြင်းဖြင့် ကယ်လိုရီများကို မြန်မြန်ဆန်ဆန် လောင်ကျွမ်းစေသည်ဟု ဆိုသည်။ စက်ဘီးစီးခြင်းသည် ကိုယ်အလေးချိန်ချရန်နှင့် ကိုယ်အလေးချိန်ထိန်းရန် အထိရောက်ဆုံးနည်းအဖြစ် ယူဆကြသည်။

ထို့အတူ နှလုံးရောဂါ၊ ကင်ဆာရောဂါ၊ သွေးတိုးနှင့် ဆီးချိုရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးခြင်း၊ ခွန်အားမြှင့်တင်ပေးခြင်း၊ ကြွက်သားတည်ဆောက်ပေးခြင်း၊ အဆုတ်ကျန်းမာရေးပိုကောင်းစေခြင်း၊ ဦးနှောက်စွမ်းအားတိုးမြှင့်ပေးခြင်း စသည့်ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးသာမက စိုးရိမ်ပူပန်မှု၊ စိတ်ဖိစီးမှုနှင့် စိတ်ဓာတ်ကျမှုပမာဏများကို လျှော့ချပေးသည့်အတွက် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကိုပါ များစွာအထောက်အကူပြုနိုင်ကြောင်း သိရသည်။ နံနက်ခင်းပိုင်း စက်ဘီးစီးခြင်းသည် အကျိုးကျေးဇူးများကို ပိုရရှိနိုင်စေသည်ဟု ဆိုသည်။ အဆီကျခြင်းနှင့် ကိုယ်အလေးချိန်ထိန်းခြင်းကို စွမ်းဆောင်ကူညီပေးနိုင်သည်ဟု ဆိုသည်။

**နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်ခြင်း**

နေ့စဉ် တစ်နေ့ နာရီဝက်၊ တစ်နာရီခန့် လမ်းလျှောက်ခြင်းကလည်း လူ့သက်တမ်းကို ခုနစ်နှစ် တိုးစေသည်ဟု ဆေးပညာရှင်များက ဆိုသည်။ နေ့စဉ်လမ်းလျှောက်ခြင်းဖြင့် အသည်းအဆီဖုံးခြင်း၊ သွေးတွင်းအဆီများနှင့် နှလုံးသွေးကြောဆိုင်ရာ ရောဂါများကို ဖယ်ရှားပေးခြင်း၊ အဆစ်အမြစ်ရောင်ခြင်း၊ အဝလွန်ခြင်းတို့ကို ပျောက်ကင်းစေနိုင်ခြင်း၊ ကင်ဆာရောဂါကို ကာကွယ်နိုင်ခြင်း၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အရိုးပွရောဂါနှင့် အိပ်မပျော်သည့်ရောဂါတို့ကို ပျောက်ကင်းစေနိုင်သည်။ သွေးတွင်းရှိမကောင်းသည့် အဆီများကို ကျစေခြင်းဖြင့် သွေးတိုး၊ နှလုံးရောဂါ၊ လေဖြတ်၊ လေငန်းရောဂါဖြစ်နှုန်းကို လျှော့ကျစေသည်။

နယ်သာလန်နှင့် ကနေဒါနိုင်ငံတို့မှ အသစ်လေ့လာတွေ့ရှိချက်အရ ဆယ်ကျော်သက်အရွယ်ကတည်းက ကာယလှုပ်ရှားမှု၊ အားကစားပုံမှန်ပြုလုပ်သူများသည် အသက်ကြီးလာချိန်တွင်လည်း မှတ်ဉာဏ်ချို့ယွင်းမှုအန္တရာယ် ဖြစ်နိုင်ခြေနည်းပါးသည်ဟု ဆိုသည်။ ကိုယ်လက်လှုပ်ရှားမှုဟုဆိုရာတွင် ရေကူးခြင်း၊ ပြေးခြင်း၊ လမ်းလျှောက်ခြင်းနှင့် ကခုန်ခြင်းတို့ပါဝင်သည်။ ပုံမှန်ကိုယ်လက်လှုပ်ရှား လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် ရရှိနိုင်သည့် ကျန်းမာရေးဆိုင်ရာ အကျိုးကျေးဇူးများက များပြားလှပေသည်။

မျက်မှောက်ကာလတွင် ကိုယ်လက်လှုပ်ရှားအားကစားလေ့ကျင့်ခန်း ပုံမှန်လုပ်ဆောင်သူအရေအတွက် များပြားလာသည်။

စာမျက်နှာ ၇ သို့ ❖

**★ ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်မူ တစ်နိုင်ငံလုံးအတိုင်းအတာအရ နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်သူ အချိုးအစားနည်းပါးနေသေးသည်။ အချို့က အချိန်မပေးနိုင်ကြ၊ စားဝတ်နေရေးကို အကြောင်းပြကြသည်။ အချို့ကား တလွဲဆံပင်ကောင်း လူမြင်ကွင်းတွင် သွေးပူလေ့ကျင့်ခန်း လုပ်ရမည်ကို ရှက်ကြသည်။**

**★ ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ထိရောက်ပါသည်။ အထူးသဖြင့် သက်လတ်ပိုင်း၊ သက်ကြီးပိုင်းအရွယ်များသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အညောင်းအညာပြေစေရန်၊ သွေးလေလည်ပတ်မှုကောင်းစေရန် အသက်အရွယ်နှင့်လိုက်ဖက်သည့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေး လေ့ကျင့်ခန်းများကို ပုံမှန်အချိန်ပေးဆောင်ရွက်သင့်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်



**မုံရွာ မတ် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က အမှာစကားပြောကြားသည်။ ယင်းနောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်အောင်မိုးက မီးခိုးမြူငွေ့ ညစ်ညမ်းမှုဆိုင်ရာများ၊ တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသည့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစီမံချက် ဆောင်ရွက်နေမှုအခြေအနေများနှင့် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်တို့အား ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးအတွင်းရှိ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေးခရိုင်၊ စစ်ကိုင်းခရိုင်၊ ရေဦးခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများက မိမိတို့ခရိုင်/ မြို့နယ်များအတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်အကြံပြု ဆွေးနွေးတင်ပြကြရာ အစည်းအဝေးသို့ တက်ရောက်လာသူများ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဆီထွက်သီးနှံလျာထားချက်နှင့် ဆီထွက်သီးနှံ အထူးဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေးဆွေးနွေး



**နေပြည်တော် မတ် ၁၃**

ပြည်ပမှ စားအုန်းဆီတင်သွင်းမှု လျှော့ချနိုင်စေရန်နှင့် ပြည်တွင်းစားသုံးဆီ ဖူလုံမှုရှိစေရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ စိုက်ပျိုးရေသေချာသည့် ဒေသများကို ရွေးချယ်၍ ဆီထွက်သီးနှံအထူးဇုန်များ သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ရာ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဆည်ရေသောက်ဧရိယာအလိုက် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံ လျာထားကေပြည့် စိုက်ပျိုးနိုင်ရေး၊ ပန်းတိုင်အထွက်ရရှိရေးနှင့် ဆီထွက်သီးနှံ အထူးဇုန်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက မန္တလေးမြို့ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရိပ်သာ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ဆီထွက်သီးနှံများ စိုက်ပျိုးရန် ဇုန်ဧရိယာများ လျာထားရာတွင် မြေအမျိုးအစားနှင့် သီးနှံအမျိုးအစား ရွေးချယ်သတ်မှတ်ခြင်း၊ ဆည်၊ ကန်၊ တမံအတွင်း သိုလှောင်ထိန်းသိမ်းထားသော ရေပမာဏနှင့် ရေသောက်စနစ်ရှိ မြောင်းလက်တံအလိုက် ရေပေးဝေနိုင်သော ဧရိယာများ၊ မြစ်ရေတင်များ၊ စက်ရေတွင်းများစသည့် ရေရရှိနိုင်မှုအပေါ် မူတည်၍ စိုက်ပျိုးမည့် သီးနှံ၊ ရေပေးဝေချိန်နှင့် ပေးဝေမည့် ရေပမာဏသတ်မှတ်ခြင်းကို သက်ဆိုင်ရာဌာနများ အားလုံး ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန်၊ မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသအလိုက် လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းပညာနှင့် အကူအညီများ ဆောင်ရွက်ပေးရန်၊ ရေပေးဝေရာတွင် အခက်အခဲ မဖြစ်ပေါ်စေရေးအတွက် မြေပြင်ကွင်းဆင်း လေ့လာဆောင်ရွက်ရန်၊ ဇုန်အလိုက် ရေပေးဝေမှုအပေါ် သီးနှံအထွက်နှုန်းကွာခြားချက်ကို လေ့လာမှတ်တမ်းတင်ပြီး နောက်ရာသီစိုက်ပျိုးချိန်တွင် ပြန်လည်အသုံးချနိုင်မည့် အချက်အလက်များ စုဆောင်းထားရှိရန် လိုအပ်ချက်များကို ဆွေးနွေးမှာကြားသည်။

**တင်ပြ**

ထို့နောက် ဦးစီးဌာနများမှ တိုင်းဒေသကြီး ဦးစီးမှူးများက ဆီထွက်သီးနှံ အထူးဇုန်များ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် မန္တလေးတိုင်း ဒေသကြီး၏ လယ်ယာ အသားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြကြပြီး ဆီထွက်သီးနှံဇုန်တာဝန်ခံများက ဇုန်အလိုက် မြေပဲ၊ နှမ်း၊ နေကြာ မျိုးစေ့လိုအပ်ချက် ကြိုတင်ဆောင်ရွက်ထားရှိမှု၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ထားရှိမှုတို့ကို တင်ပြကြသည်။ တင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက သုံးသပ်ဆွေးနွေးပြီး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဖြည့်စွက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနက မီးဘေးလုံခြုံရေးအသိပညာပေးခြင်းများ ဆက်လက်ဆောင်ရွက်

**မိတ္ထီလာ မတ် ၁၃**

မိတ္ထီလာခရိုင်မီးသတ်ဦးစီးဌာနသည် မီးဘေးလုံခြုံရေးအသိပညာပေးခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိရာ မတ် ၁၂ ရက် မွန်းလွဲပိုင်းက မိတ္ထီလာမြို့ ဗဟိုပို့ဆောင်ဆက်သွယ်ရေး သင်တန်းကျောင်းတွင် မီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေး ဟောပြောခြင်းနှင့် မီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**လက်တွေ့မီးငြိမ်းသတ်**

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူးဦးကျော်ဆန်းနှင့် တပ်ဖွဲ့ဝင်များကမီးဘေးကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပြီး မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြိမ်းသတ်ခြင်းတို့ကို ဆောင်ရွက်ရာ သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့်ဝန်ထမ်းများ၊ မိသားစုဝင်များနှင့် သင်တန်းသား သင်တန်းသူများ ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ခရိုင်မီးသတ်**



❖ စာမျက်နှာ ၆ မှ

ရန်ကုန်မြို့ရှိ အထင်ကရ ကန်တော်ကြီး၊ အင်းလျားကန်စောင်း အပါအဝင်မြို့နယ်အသီးသီးရှိ အပန်းဖြေဥယျာဉ်များ၊ ပန်းခြံများတွင် လမ်းလျှောက်သူ၊ ကိုယ်လက် လှုပ်ရှားလေ့ကျင့်ခန်း ဆောင်ရွက်သူ၊ စက်ဘီးစီးသူ အများအပြားကို တွေ့မြင်လာရသည်။ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကလည်း နေပြည်တော်တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနခွဲများမှ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုရှိစေရန်နှင့် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အညောင်းအညာပြေစေရန်အတွက် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း (Fitness Dance) ကစားမှုများကို ဝန်ထမ်းများ လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီးစီးချိန် ညနေ ၄ နာရီမှ ၄ နာရီခွဲအထိ မိနစ် ၃၀ ခန့် စုပေါင်းကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

သို့ဆိုလင့်ကစား ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်လျှင်မူ တစ်နိုင်ငံလုံးအတိုင်းအတာအရ နေ့စဉ်ပုံမှန် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်း ပြုလုပ်သူ အချိုးအစားနည်းပါးနေသေးသည်။ အချို့က အချိန်မပေးနိုင်ကြ၊ စားဝတ်နေရေးကို အကြောင်းပြကြသည်။ အချို့ကား တလွဲဆံပင်ကောင်း လူမြင်ကွင်းတွင် သွေးပူလေ့ကျင့်ခန်း လုပ်ရမည်ကို ရှက်ကြသည်။ တချို့က ငါကျန်းမာသားပဲဟူသည့် အာရောဂျမာန်ဖြင့် မေ့လျော့နေကြသည်။ နေချင်သလိုနေ၊ စားချင်သလိုစားပြီး သွေးတိုး၊ ဆီးချို၊ နှလုံး၊ လေဖြတ် စသည့် ရောဂါဝေဒနာများ ဝင်ရောက်လာပြီဆိုပါမှ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကြရသည်။ မိုးလွန်မှ ထွန်ချ ထိုအခါမှ ကိုယ်လက်လှုပ်ရှားအားကစားကို လုပ်ရကောင်းမှန်း သိလာသည်။ အချို့လေဖြတ်ဝေဒနာရှင်များဆိုပါက ပုံမှန်အခြေအနေပြန်ရရှိရေးအတွက် တုတ်ကောက်အကူအညီဖြင့် ခြေလေးတယမ်းယမ်း၊ လက်ကလေးတယမ်းယမ်းနှင့် လမ်းလျှောက်လေ့ကျင့်ခန်း ယူနေကြသည်ကို စိတ်မကောင်းစွာ တွေ့မြင်ခဲ့ရသည်။

ကာကွယ်ခြင်းသည် ကုသခြင်းထက် ပို၍ထိရောက်ပါသည်။ အထူးသဖြင့် သက်လတ်ပိုင်း၊ သက်ကြီးပိုင်းအရွယ်များသည် ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်ပြီး အညောင်းအညာပြေစေရန်၊ သွေးလေလည်ပတ်မှုကောင်းစေရန် အသက်အရွယ်နှင့် လိုက်ဖက်သည့် ကိုယ်လက်လှုပ်ရှား ကျန်းမာရေးလေ့ကျင့်ခန်းများကို ပုံမှန်အချိန်ပေးဆောင်ရွက်သင့်ပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ မြို့တော်ပေကျင်း၊ ကျန်းစူးပြည်နယ်၏မြို့တော် နန်ကျင်း၊ ယူနန်ပြည်နယ်၏မြို့တော် ကူမင်းတို့တွင် သက်လတ်ပိုင်းနှင့် သက်ကြီးရွယ်အို ဘိုးဘွားများ အုပ်စုလိုက် တေးသီချင်းများဖွင့်၍ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်၊ ထိုက်ကျိ၊ ဝူရှူး စသည့် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း လုပ်ဆောင်နေမှုများကို ပြန်လည်မြင်ယောင်လာသည်။ အထူးသဖြင့် နံနက်ခင်းစက်ဘီးစီးခိုက် ပေကျင်းမြို့လမ်းဘေးပလက်ဖောင်းများတွင် မြို့တော်သူမြို့တော်သားများ ဝီချက်၊ ဝီဘိုတို့မှတစ်ဆင့် အခပေးပြီး အရန်သင့်စီးနင်းနိုင်ရန် ထားရှိပေးထားသော အဝါရောင်စက်ဘီးလှလှလေးများ၊ နန်ကျင်းမြို့လယ်တွင် ကားလမ်းနှင့်အပြိုင် သီးသန့်ထားရှိပေးထားသော စက်ဘီးလမ်းကလေးများကို ပြန်လည်အမှတ်ရနေမိပါတော့သည်။ ။

■

# ရန်ကုန်တိုင်းဒေသကြီး စာစစ်ဌာန ၇၃ ခုတွင် သင်္ချာဘာသာရပ်နေ့၌ ကျောင်းသား ကျောင်းသူ ၁၈၀၄၄ ဦး စိတ်အေးချမ်းသာစွာ ဖြေဆို

**ရန်ကုန် မတ် ၁၃**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာန ၇၃ ခု၌ ယနေ့နံနက် ၉ နာရီတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ကို ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာ ပျော်ရွှင်စွာ ဖြေဆိုခဲ့ကြသည်။

**ဖြေဆို**

ယနေ့ သင်္ချာဘာသာရပ် ဖြေဆိုသောနေ့တွင် ကမာရွတ်မြို့နယ်၊ ခရမ်းမြို့နယ်နှင့် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်တို့မှ ကျောင်းသူ သုံးဦး ဆေးရုံမှ ဖြေဆိုခဲ့ကြပြီး မှော်ဘီမြို့နယ် အမှတ်(၁)အထက်တန်းကျောင်း စာစစ်ဌာန၌ ကိုယ်အင်္ဂါမသန်စွမ်းသူ တစ်ဦး၊ ရွှေပြည်သာမြို့နယ် အမှတ်(၃)အထက်တန်းကျောင်း စာစစ်ဌာန၌ ကိုယ်အင်္ဂါမသန်စွမ်းသူ တစ်ဦး၊ ဒဂုံမြို့နယ် အမှတ်(၁)အထက်တန်းကျောင်း စာစစ်ဌာန၌ အမြင်အာရုံမသန်စွမ်းသူ သုံးဦး၊ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အထက်တန်းကျောင်း စာစစ်ဌာန၌ အမြင်အာရုံ မသန်စွမ်းသူ သုံးဦးတို့ဖြင့် စုစုပေါင်း ရှစ်ဦးနှင့် အင်းစိန်အကျဉ်းဦးစီးရှိ အမှတ်(၁၃) အလယ်တန်းကျောင်း စာစစ်ဌာန၌ အကျဉ်းသား ခုနစ်ဦးတို့လည်း ဖြေဆိုခဲ့ကြသည်။

**သင်တန်းများပို့ချပေးခဲ့**

၂၀၂၄ ခုနှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲသည် Grade-12 သင်ရိုးသစ်၊ စနစ်သစ်ဖြင့် ဖြေဆိုရခြင်းဖြစ်ပြီး ကျောင်းသား ကျောင်းသူများ သက်ဆိုင်ရာဘာသာရပ်များနှင့် မေးခွန်းပုံစံများကို သိရှိနားလည်စေရန် ဆရာ ဆရာမများအား သင်တန်းများပို့ချပေးခဲ့သည့်နည်းတူ ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စာစစ်ဌာနတို့မှ ထုတ်ဝေသည့် Grade -12 သင်ရိုးသစ်နှင့်ပတ်သက်သည့် ဘာသာရပ်အလိုက် မေးခွန်းပုံစံများကို ကျောင်းများ၌ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။

**ညီမ်းသူ(သတင်းစဉ်)**
**ဓာတ်ပုံ - ကနူး**



စာမေးပွဲဖြေဆိုပြီး ပြုံးပျော်စွာထွက်ခွာလာကြသည့် ဗိုလ်တထောင်မြို့နယ် အမှတ်(၆)စာစစ်ဌာနမှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။



ဗိုလ်တထောင် အမှတ်(၆)အထက်တန်းကျောင်းစာစစ်ဌာန၌ သင်္ချာဘာသာရပ်ဖြေဆိုနေမှုကို တွေ့ရစဉ်။

# ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) တတိယနေ့တွင် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၀၅ ဦးရှိ

**နေပြည်တော် မတ် ၁၃**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (စနစ်သစ်) တတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ နိုင်ငံခြားစာစစ်ဌာနအပါအဝင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သင်္ချာဘာသာရပ် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၀၅ ဦးရှိကြောင်း သိရသည်။

ယခုနှစ်တွင် နိုင်ငံခြား စာစစ်ဌာန ၁၁ ခုနှင့် ပြည်တွင်း စာစစ်ဌာန ၈၃၀ စာစစ်ဌာန စုစုပေါင်း ၈၄၁ ခု ဖွင့်လှစ်ဖြေဆိုခဲ့ရာ စာမေးပွဲဖြေဆိုရန် စာရင်းပေးသွင်းသူဦးရေ စုစုပေါင်း ၁၄၆၅၂၃ ဦးရှိပြီး စာမေးပွဲတတိယနေ့ သင်္ချာဘာသာရပ်တွင် လာရောက်ဖြေဆိုသူ စုစုပေါင်း ၁၂၈၇၀၅ ဦး၊ ပျက်ကွက် ၁၇၈၁၈ ဦးရှိသဖြင့် ဖြေဆိုသူ ၈၇ ဒသမ ၈၄ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

**အခြေခံပညာဦးစီးဌာန**

**၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခရိုင်၊ မြို့နယ် စာစစ်ဌာနနှင့် ဖြေဆိုသူဦးရေစာရင်း**

ဘာသာရပ် - သင်္ချာ

ရက်စွဲ၊ ၁၃ - ၃ - ၂၀၂၄

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ခရိုင်အရေအတွက် | မြို့နယ်အရေအတွက် | စာစစ်ဌာနအရေအတွက် | စာရင်းရှိ | | | ဖြေဆို | | | ပျက်ကွက် | | | ဖြေဆိုသည့်ရာခိုင်နှုန်း | ပျက်ကွက်ရာခိုင်နှုန်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | | | |
| ၁ | ကချင် | ၆ | ၁၄ | ၂၆ | ၂၃၄၉ | ၃၆၅၈ | ၆၀၀၇ | ၂၂၁၆ | ၃၅၃၀ | ၅၇၄၆ | ၁၃၃ | ၁၂၈ | ၂၆၁ | ၉၅.၆၆% | ၄.၃၄% | |
| ၂ | ကယား | စာစစ်ဌာနမရှိပါ။ | | | | | | | | | | | | | | |
| ၃ | ကရင် | ၆ | ၇ | ၁၁ | ၈၉၂ | ၁၅၀၄ | ၂၃၉၆ | ၇၈၇ | ၁၃၉၃ | ၂၁၈၀ | ၁၀၅ | ၁၁၁ | ၂၁၆ | ၉၀.၉၈% | ၉.၀၂% | |
| ၄ | ချင်း | ၆ | ၇ | ၁၀ | ၇၃၀ | ၉၉၃ | ၁၇၂၃ | ၁၅၁ | ၂၅၀ | ၄၀၁ | ၅၇၉ | ၇၄၃ | ၁၃၂၂ | ၂၃.၂၇% | ၇၆.၇၃% | |
| ၅ | စစ်ကိုင်း | ၁၄ | ၂၅ | ၃၇ | ၂၃၈၉ | ၃၇၂၀ | ၆၁၀၉ | ၂၂၀၆ | ၃၄၆၁ | ၅၆၆၇ | ၁၈၃ | ၂၅၉ | ၄၄၂ | ၉၂.၇၆% | ၇.၂၄% | |
| ၆ | တနင်္သာရီ | ၄ | ၁၀ | ၁၇ | ၉၉၄ | ၁၆၄၁ | ၂၆၃၅ | ၉၂၂ | ၁၅၇၃ | ၂၄၉၅ | ၇၂ | ၆၈ | ၁၄၀ | ၉၄.၆၉% | ၅.၃၁% | |
| ၇ | ပဲခူး(ရှေ့) | ၃ | ၁၄ | ၃၄ | ၃၀၈၃ | ၄၄၀၆ | ၇၄၈၉ | ၂၉၁၈ | ၄၂၁၀ | ၇၁၂၈ | ၁၆၅ | ၁၉၆ | ၃၆၁ | ၉၅.၁၈% | ၄.၈၂% | |
| ၈ | ပဲခူး(နောက်) | ၃ | ၁၄ | ၄၅ | ၂၅၄၇ | ၃၄၄၃ | ၅၉၉၀ | ၂၄၂၅ | ၃၃၄၄ | ၅၇၆၉ | ၁၂၂ | ၉၉ | ၂၂၁ | ၉၆.၃၁% | ၃.၆၉% | |
| ၉ | မကွေး | ၇ | ၂၃ | ၄၄ | ၄၀၅၃ | ၅၇၆၈ | ၉၈၂၁ | ၃၈၅၂ | ၅၆၁၈ | ၉၄၇၀ | ၂၀၁ | ၁၅၀ | ၃၅၁ | ၉၆.၄၃% | ၃.၅၇% | |
| ၁၀ | မန္တလေး | ၁၁ | ၂၈ | ၇၄ | ၈၃၉၇ | ၁၁၈၁၉ | ၂၀၂၁၆ | ၈၀၀၇ | ၁၁၃၉၈ | ၁၉၄၀၅ | ၃၉၀ | ၄၂၁ | ၈၁၁ | ၉၅.၉၉% | ၄.၀၁% | |
| ၁၁ | မွန် | ၄ | ၁၀ | ၂၀ | ၂၂၇၄ | ၃၇၄၁ | ၆၀၁၅ | ၂၁၄၉ | ၃၆၁၈ | ၅၇၆၇ | ၁၂၅ | ၁၂၃ | ၂၄၈ | ၉၅.၈၈% | ၄.၁၂% | |
| ၁၂ | ရခိုင် | ၇ | ၁၇ | ၆၉ | ၈၄၀၀ | ၁၀၂၀၂ | ၁၈၆၀၂ | ၃၉၃၇ | ၄၅၉၀ | ၈၅၂၇ | ၄၄၆၃ | ၅၆၁၂ | ၁၀၀၇၅ | ၄၅.၈၄% | ၅၄.၁၆% | |
| ၁၃ | ရန်ကုန် | ၁၄ | ၄၅ | ၇၃ | ၈၆၀၉ | ၁၀၃၄၃ | ၁၈၉၅၂ | ၈၁၄၁ | ၉၉၀၃ | ၁၈၀၄၄ | ၄၆၈ | ၄၄၀ | ၉၀၈ | ၉၅.၂၁% | ၄.၇၉% | |
| ၁၄ | ရှမ်း(တောင်) | ၈ | ၂၁ | ၆၄ | ၃၁၀၆ | ၄၉၆၈ | ၈၀၇၄ | ၂၉၄၉ | ၄၇၄၉ | ၇၆၉၈ | ၁၅၇ | ၂၁၉ | ၃၇၆ | ၉၅.၃၄% | ၄.၆၆% | |
| ၁၅ | ရှမ်း(မြောက်) | ၆ | ၁၄ | ၁၇ | ၁၁၂၄ | ၁၇၂၉ | ၂၈၅၃ | ၇၇၇ | ၁၂၀၃ | ၁၉၈၀ | ၃၄၇ | ၅၂၆ | ၈၇၃ | ၆၉.၄၀% | ၃၀.၆၀% | |
| ၁၆ | ရှမ်း(ရှေ့) | ၇ | ၁၀ | ၁၂ | ၄၅၀ | ၆၅၄ | ၁၁၀၄ | ၄၂၀ | ၆၃၂ | ၁၀၅၂ | ၃၀ | ၂၂ | ၅၂ | ၉၅.၂၉% | ၄.၇၁% | |
| ၁၇ | ဧရာဝတီ | ၈ | ၂၆ | ၂၃၀ | ၈၂၇၁ | ၁၁၅၇၆ | ၁၉၈၄၇ | ၇၇၆၂ | ၁၁၁၈၀ | ၁၈၉၄၂ | ၅၀၉ | ၃၉၆ | ၉၀၅ | ၉၅.၄၄% | ၄.၅၆% | |
| ၁၈ | နေပြည်တော် | ၄ | ၈ | ၄၇ | ၃၇၅၀ | ၄၉၂၆ | ၈၆၇၆ | ၃၆၁၁ | ၄၈၁၀ | ၈၄၂၁ | ၁၃၉ | ၁၁၆ | ၂၅၅ | ၉၇.၀၆% | ၂.၉၄% | |
| ၁၉ | နိုင်ငံခြား | | | ၁၁ | ၆ | ၈ | ၁၄ | ၆ | ၇ | ၁၃ | ၀ | ၁ | ၁ | ၉၂.၈၆% | ၇.၁၄% | |
| | စုစုပေါင်း | ၁၁၈ | ၂၉၃ | ၈၄၁ | ၆၁၄၂၄ | ၈၅၀၉၉ | ၁၄၆၅၂၃ | ၅၃၂၃၆ | ၇၅၄၆၉ | ၁၂၈၇၀၅ | ၈၁၈၈ | ၉၆၃၀ | ၁၇၈၁၈ | ၈၇.၈၄% | ၁၂.၁၆% | |

မှတ်ချက် - စာမေးပွဲကျင်းပသည့် ခရိုင်၊ မြို့နယ်ဦးရေနှင့် စာစစ်ဌာနဦးရေသာ ဖော်ပြထားပါသည်။

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းအစီအစဉ်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်





ပုသိမ် မတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်အမယ်များနှင့် ဒေသအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**အမှာစကားပြောကြား**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် "မိမိတို့တိုင်းဒေသကြီးသည် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် တိုင်းဒေသကြီးဖြစ်ပြီး စိုက်ပျိုး၊ မွေးမြူရေး ထုတ်ကုန်အမယ်များအား ဒေသအလိုက် ထုတ်လုပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆန်၊ စပါး၊ ပီလောပီနံ၊ ရော်ဘာ၊ အုန်းချိုမွှေး၊ ငါး၊ ပုစွန်၊ ကဏန်းမွေးမြူရေးလုပ်ငန်းများ၊ ဆားလုပ်ငန်း၊ ကြိမ်၊ ဝါး၊ ဇေဒါလုပ်ငန်းများ စသည့်လုပ်ငန်းများ တွင်ကျယ်စွာ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး One Region One Product ထုတ်လုပ်နိုင်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ကြရန်လိုပါကြောင်း၊ စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမယ်များနှင့် ဒေသအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲနိုင်ရေး တက်ရောက်လာကြသူများက လိုအပ်သည်များကို အသေးစိတ်တင်ပြ ဆွေးနွေးပေးကြစေလိုကြောင်း" ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီးက စိုက်ပျိုးမွေးမြူရေးထုတ်ကုန်အမယ်များနှင့် ဒေသအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဆန်/ ဆန်ကွဲ၊ ပေါင်းဆန်၊ စပါးခွံလောင်စာတောင့် လုပ်ငန်းရှင်များ၊ ရေထွက်ပစ္စည်းတန်ဖိုးမြှင့် ထုတ်ကုန်များနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များ၊ ငှက်သိုက်လုပ်ငန်းရှင်များ၊ ဒေသထွက် စားသောက်ကုန်လုပ်ငန်းရှင်များ၊ ပီလောပီနံ လုပ်ငန်းရှင်များ၊ နေလှန်းဆားလုပ်ငန်းရှင်များ၊ ပရိဘောဂနှင့် အသုံးအဆောင်ပစ္စည်းများနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များ၊ ဝါးလက်မှုပစ္စည်းများနှင့်ပတ်သက်သည့် လုပ်ငန်းရှင်များ၊ ဝါး၊ ကြိမ်၊ ဇေဒါလုပ်ငန်းရှင်များက ဆွေးနွေးတင်ပြခဲ့သည်။

ထို့နောက် ARCCI အတွင်းရေးမှူး ပုသိမ်တက္ကသိုလ် သတ္တဗေဒဌာန ပါမောက္ခဌာနမှူး၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒေသသုတေသနဗဟိုဌာန (မြောင်းမြ)၏ သုတေသနမှူးတို့က ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာလိုအပ်မှု၊ ဈေးကွက်ရရှိမှု အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ သုတေသနပြုဆောင်ရွက်နေမှုများနှင့် မျိုးသန့်မျိုးစပါးများ သုတေသနပြုဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆွေးနွေးတင်ပြခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က စိုက်ပျိုးမွေးမြူရေးထုတ်ကုန်ကြွင်းများ အသုံးပြု၍ တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်နိုင်ရေး၊ အလုပ်ရုံ၊ စက်ရုံများ ပေါ်ထွက်လာစေရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ ဆီဖူလုံ စေရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်စေရေးနှင့် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်အမယ်များနှင့် ဒေသအလိုက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်ရေးဆွဲနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးကြရန် နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ဇီးကုန်းမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား အချိုရည်ဘူးများ ဝေငှပေး

ဇီးကုန်း မတ် ၁၃

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအား မတ် ၁၁ ရက်မှ စတင်ဖြေဆိုလျက်ရှိရာ ယနေ့တွင် သင်္ချာဘာသာရပ်ကို နံနက် ၉ နာရီမှစတင်၍ စာစစ်ဌာန နှစ်ခု၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာဖြေဆိုလျက်ရှိသည်။

သင်္ချာဘာသာရပ်ကို ဇီးကုန်းမြို့နယ်၌ အထက(ဇီးကုန်း) စာစစ်ဌာနတွင် ၃၇၇ ဦး၊ အထက(လေးမျက်နှာ)စာစစ်ဌာနတွင် ၁၀၂ ဦး စုစုပေါင်း ၄၇၉ ဦး ဝင်ရောက်ဖြေဆိုကာ ပျက်ကွက်ကျောင်းသား ကျောင်းသူ စုစုပေါင်း ကိုးဦးရှိပြီး ရာခိုင်နှုန်းအနေဖြင့် ၉၈ ဒသမ ၁၆ ရာခိုင်နှုန်းဖြေဆိုကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

ဇီးကုန်းမြို့နယ်တွင် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုရာ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် Royal –D အချိုရည်ဘူး ၅၀၀ အား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက ဝေငှပေးခဲ့ကြောင်းနှင့် မြို့နှင့်ဝေးလံသောကျေးရွာများမှ လာရောက်ဖြေဆိုသော ကျောင်းသား ကျောင်းသူများအား ဆန်၊ ဆီ၊ ကြက်ဥများကိုလည်း ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ငူမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ သင်္ချာဘာသာရပ်ဖြေဆိုပြီးစီးသူများအား အားဖြည့်အချိုရည်ဘူးများနှင့် ရေသန့်ဘူးများ ဝေငှ



တောင်ငူ မတ် ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိစာစစ်ဌာန လေးခုဖြစ်သည့် အထက (၂)၊ အထက (၄)၊ အထက (၄ မိုင်) နှင့် အထက (နတ်စင်ကုန်း)တို့၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့တွင် သင်္ချာဘာသာရပ်ကို ယနေ့နံနက် ၉ နာရီတွင် ဖြေဆိုလျက်ရှိရာ အထက (၂)၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ သင်္ချာဘာသာရပ် ဖြေဆိုပြီးစီးသည့် ကျောင်းသား ကျောင်းသူများအား အားဖြည့်အချိုရည်ဘူးများနှင့် ရေသန့်ဘူးများ ဝေငှသည်။

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်လင်းအောင်နှင့် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဝင်များက သင်္ချာဘာသာရပ်ဖြေဆိုပြီးစီးသည့် ကျောင်းသား ကျောင်းသူများအားအားပေးစကားပြောကြားပြီး အားဖြည့်အချိုရည်ဘူး ၃၀၀၊ ရေသန့်ဘူး ၃၀၀ တို့အား ဝေငှပေးသည်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် တောင်ငူမြို့နယ်၌ စာစစ်ဌာန လေးခုရှိပြီး အဆိုပါစာစစ်ဌာနများဖြစ်သည့် အထက (၂)၊ အထက (၄)၊ အထက (၄ မိုင်) နှင့် အထက (နတ်စင်ကုန်း)တို့တွင် တောင်ငူမြို့နယ်အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများမှ ကျောင်းသားကျောင်းသူများ ဝင်ရောက်ဖြေဆိုလျက်ရှိပြီး ဝင်ရောက်ဖြေဆိုသူစာရင်းရှိ ကျောင်းသား ၃၅၉ ဦး၊ ကျောင်းသူ ၅၃၈ ဦး စုစုပေါင်း ၈၉၇ ဦးရှိကာ ယနေ့သင်္ချာဘာသာရပ်တွင် ဖြေဆိုသူ ကျောင်းသား ၃၄၂ ဦး၊ ကျောင်းသူ ၅၁၀ စုစုပေါင်း ၈၅၂ ဦး၊ ပျက်ကွက် ကျောင်းသား ၁၇ ဦး၊ ကျောင်းသူ ၂၈ ဦး စုစုပေါင်း ၄၅ ဦး၊ ဝင်ရောက်ဖြေဆိုမှုရာခိုင်နှုန်း ၉၄ ဒသမ ၉၈ ရာခိုင်နှုန်း ရှိသည်။

**ဇော်ကိုကို(တောင်ငူ)**

# မူဆယ်မြို့၌ စည်ပင်သာယာဆင်ဖြူဈေး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

မူဆယ် မတ် ၁၃

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့စည်ပင်သာယာဆင်ဖြူဈေး မီးဘေးအန္တရာယ်ကင်းဝေးစေရန် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယနေ့နံနက် ၉ နာရီတွင် ပြုလုပ်သည်။



**ပူးပေါင်းဆောင်ရွက်**

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို မူဆယ်မြို့ စည်ပင်သာယာဆင်ဖြူဈေးရှိ မီးသတ်ဆေးဘူးများ၊ ရေစုပ်စက်များ၊ ရေသိုလှောင်ကန်များ၊ လျှပ်စစ်မီးကြိုးကြွခိုင်မှုများကို တာဝန်ရှိသူများက စစ်ဆေးပြီး ဈေးသူ ဈေးသားများက မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကြုံတွေ့လာပါက လက်တွေ့မီးငြိမ်းသတ်ခြင်းများကို သရုပ်ပြလေ့ကျင့်ကြရာ မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်လင်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးနေဝင်းတိုး၊ မြို့နယ်စည်ပင်သာယာရေးဌာန ခေတ္တအမှုဆောင်အရာရှိ ဦးမြင့်ကျော်သူနှင့် ဈေးသူ ဈေးသားများ ပူးပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# မြဝတီမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ကျောင်းသား ကျောင်းသူများအား အာဟာရပြည့်ပဲနို့ ဝေငှပေး

မြဝတီ မတ် ၁၃

ကရင်ပြည်နယ် မြဝတီမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ သင်္ချာဘာသာရပ်တွင် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြသည့် ကျောင်းသား ကျောင်းသူများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ စည်းကမ်းထိန်းသိမ်းရေးနှင့်ကွပ်ကဲရေး ဗိုလ်မှူးစောစိန်သန်းမြင့် မိသားစု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦးနှင့် မြို့နယ်ပညာရေးမှူးဦးမြင့်ဦးတို့က အာဟာရပြည့်ပဲနို့ဘူး တစ်ဦးချင်းအလိုက် ဝေငှပေးပြီး အားပေးစကားများ ပြောကြားသည်။

မြဝတီမြို့နယ်အနေဖြင့် အထက(၁) မြဝတီစာစစ်ဌာနတစ်ခုသာ ဆောင်ရွက်ထားရှိပြီး သင်္ချာဘာသာရပ်တွင် ဝင်ရောက်ဖြေဆိုသူ စုစုပေါင်း ၂၉၃ ဦးရှိပြီး ဖြေဆိုသူအားဖြင့် စာရင်းရှိ ၃၂၅ ဦး၌ ပျက်ကွက်သူ ၃၂ ဦးရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**

# အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ (သင်္ချာဘာသာ) ဖြေဆိုမှုမြင်ကွင်း



ဝေါမြို့နယ်

အောင်မြတ်လင်း(ပြန်/ဆက်)



ဘီးလင်းမြို့နယ်

မြို့နယ်(ပြန်/ဆက်)



တောင်တွင်းကြီးမြို့နယ်

မြို့နယ် (ပြန်/ဆက်)



ဝန်းသိုမြို့နယ်

မြို့နယ်(ပြန်/ဆက်)



ကျိုင်းတုံမြို့နယ်

အောင်ဇင်မြင့်(ပြန်/ဆက်)



ကျိုက်ထိုမြို့နယ်

မြို့နယ်(ပြန်/ဆက်)



အင်္ဂပူမြို့နယ်

မန်းကျော်(ပြန်/ဆက်)



ရမည်းသင်းမြို့နယ်

ဇော်ဝင်းအောင်(ပြန်/ဆက်)



လှိုင်းဘွဲမြို့နယ်

စောဒီ(ပြန်/ဆက်)

# အမြို့မြို့အနယ်နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ တတိယနေ့ (သင်္ချာဘာသာ) ဖြေဆိုမှုမြင်ကွင်း


တောင်ကုတ်မြို့နယ်
မြို့နယ်(ပြန်/ဆက်)


မကွေးမြို့နယ်
အောင်ကို(ပြန်/ဆက်)


သာပေါင်းမြို့နယ်
မျိုးဇော်သိန်း (ပြန်/ဆက်)


ဗန်းမော်မြို့နယ်
ခရိုင်(ပြန်/ဆက်)


ဟိုပုံးမြို့နယ်
ပအိုဝ်းဒေသ(ပြန်/ဆက်)


သထုံမြို့နယ်
ခရိုင်(ပြန်/ဆက်)


ပဲခူးမြို့နယ်
သက်မြိုးကြိုင်(ပြန်/ဆက်)


မိုးကောင်းမြို့နယ်
သန်းလွင်ဦး(ပြန်/ဆက်)

# စာကြည့်တိုက်ပညာသင်တန်း ဆင်းပွဲကျင်းပ

ရန်ကုန် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက စာကြည့်တိုက်ပညာ သင်တန်းအမှတ်စဉ်(၄)ဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် လှိုင်မြို့နယ်ရှိ လှိုင်စင်တာ၌ကျင်းပသည်။

ဦးစွာရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီ လူမှုရေးရာဝန်ကြီး ဦးဌေးအောင်က စာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်း အမှာစကားပြောကြားရာတွင် စာကြည့်တိုက်မှူးများအနေဖြင့် မိမိစာကြည့်တိုက် ဖွံ့ဖြိုးတိုးတက်ရေးသည် မိမိတာဝန်သာဖြစ်သည်ဟုခံယူပြီး စာကြည့်တိုက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ရန်၊ မိမိပတ်ဝန်းကျင်ရှိမဖွင့်လှစ်နိုင်သေးသည့် စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စာကြည့်တိုက်များကွန်ရက် တည်ဆောက်၍ စာကြည့်တိုက်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။



ဆက်လက်၍ စာကြည့်တိုက်ပညာသင်တန်းအမှတ်စဉ်(၄) သင်တန်းထူးချွန်ဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ လူမှုရေးရာဝန်ကြီးဦးဌေးအောင်နှင့် တိုင်းဒေသကြီးစာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဝင်များက ဆုများချီးမြှင့်ခဲ့ကြသည်။

ကျော်ဆန်းမြင့်(ပြန်/ဆက်)

# ကျောက်တန်းမြို့နယ် စစ်တပင်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

ကျောက်တန်း မတ် ၁၃

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက စစ်တပင်ကျေးရွာတွင် မြစိမ်းရောင် ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးလျက်ရှိရာ စိုက်ပျိုးရေး ၇၁ ဦး၊ မွေးမြူရေး ၈၁ ဦး၊ အရောင်းအဝယ် ခြောက်ဦး၊ ရေလုပ်ငန်းတစ်ဦး စုစုပေါင်း ၁၅၉ ဦးအား ငွေကျပ် ၄၈၃၅၀၀၀၀ ထုတ်ချေးနေမှုကို မြို့နယ်ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် စီမံကိန်းဝန်ထမ်းများက မတ် ၁၂ ရက်နံနက် ၈ နာရီတွင် သွားရောက်ထုတ်ချေးပေးခဲ့သည်။

ကျောက်တန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာ ၄၃ ရွာ၊ ၄၁ ယူနစ်ဖြင့် စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ မွေးမြူရေး၊ အသေးစားစက်မှုလက်မှု၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြင့် လူဦးရေစုစုပေါင်း ၆၈၁၄ ဦးအား နိုင်ငံတော်က စုစုပေါင်း ထောက်ပံ့ငွေကျပ် ၁၂၃၀ ဒသမ ၀ သန်းဖြင့် ယနေ့အချိန်အထိ အတိုးရငွေကျပ် ၁၄၅၆ ဒသမ ဝ၈၅၃၃၄ သန်း စုစုပေါင်း ငွေကျပ် ၂၆၈၆ ဒသမ ဝ၈၅၃၃၄ သန်းလည်ပတ်ဆောင်ရွက်လျက်ရှိပြီး မြစိမ်းရောင်အတိုးရငွေ ၅၀ ရာခိုင်နှုန်းဖြင့် လမ်း/တံတား၊ ရေရရှိရေး၊ မီးလင်းရေး၊ ပညာရေး၊ ခန်းမဆောင်နှင့်အခြားစသည့် လုပ်ငန်းစုစုပေါင်း ၆၂ခုကိုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။ **သန့်ဇင်ထွန်း(ပြန်/ဆက်)**

**❖ အာဆင်နယ်အသင်းမှ**

အသင်းကို ချန်ပီယံလိဂ်ကွာတားဖိုင်နယ်တက်လှမ်းအောင် စွမ်းဆောင်ပေးခဲ့သူဟာ ဂိုးသမား ဒေးဗစ်ရာယာလို့ဆိုရမှာဖြစ်ပြီး ပင်နယ်တီနှစ်ကြိမ်ကို အကောင်းဆုံးကာကွယ်နိုင်ခဲ့တာလည်းဖြစ်ပါတယ်။ အာဆင်နယ်အသင်းဟာ (၁၆)သင်းအဆင့်မှာ ပေါ်တိုအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ၂၀၁၀ ခုနှစ်နောက်ပိုင်း ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်ကို ပထမဆုံးအကြိမ် ပြန်လည်တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ဘာစီလိုနာအသင်းကတော့ ချန်ပီယံလိဂ် (၁၆)သင်းအဆင့်မှာ နာပိုလီအသင်းနဲ့ ကစားခဲ့ရပြီး (၁၆)သင်းအဆင့် ပထမအကျော့မှာ တစ်ဖက်တစ်ဂိုးသရေရလဒ်ထွက်ပေါ်ခဲ့ကာ ယခုဒုတိယအကျော့မှာ ဘာစီလိုနာအသင်းက နာပိုလီအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးနဲ့ နာပိုလီအသင်းကို အနိုင်ရကာ ဘာစီလိုနာအသင်း ကွာတားဖိုင်နယ်အဆင့် တက်လှမ်းခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ ဘာစီလိုနာအသင်းအတွက် တစ်ဂိုးသွင်းယူပေးခဲ့တဲ့ ဖာမင်လိုပက်ဇ်ဟာ ၂၀၁၈ ခုနှစ်အတွင်းက အော်စမာနေးဒမ်ဘီလီနောက်ပိုင်း ချန်ပီယံလိဂ်ရှုံးထွက်အဆင့်မှာ ဂိုးသွင်းယူနိုင်ခဲ့တဲ့ အသက်အငယ်ဆုံး ဘာစီလိုနာကစားသမားဖြစ်ပါတယ်။ ငွေကြယ်




# "ရယ်ရွှင်ပျော်" ဟာသတစ်ခန်းရုပ်ပြဇာတ်အစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၁၃

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ ဖျော်ဖြေရေးအစီအစဉ်များ တိုးမြှင့်တင်ဆက်မှုတွင် "ရယ်ရွှင်ပျော်" ဟာသ တစ်ခန်းရုပ်ပြဇာတ်အစီအစဉ်ကို MRTV-HD Channel မှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသပေးလျက်ရှိရာ ယခုအပတ်တွင် "သာဒင်နှင့် ရာဇဝင် " ခေါင်းစဉ်ဖြင့် တင်ဆက်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ပတ္တမြားကေခိုင် စီစဉ်မှုဖြင့် နာမည်ကျော်လူရွှင်တော်များဖြစ်ကြသည့် အောင်ကိုဟိန်း၊ ဦးနေကျော်၊ တူးနိုင်း၊ လကျော်၊ ဝဒီထွန်း၊ လန်းလန်း၊ လင်းလက်အောင်နှင့် တူးဒီတို့ ပါဝင်တင်ဆက်ကြမည်ဖြစ်ရာ MRTV-HD Channel မှ မတ် ၁၆ ရက်၊ စနေနေ့ ည၉ နာရီ သတင်းအပြီးတွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်းနှင့် မတ် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီ သတင်းအပြီးတွင်လည်း (Replay) ထပ်မံထုတ်လွှင့် ပြသမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မတ် ၁၃

ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့ညနေပိုင်းတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။




ရှင်းလင်းဆွေးနွေးပွဲတွင် ပါမောက္ခချုပ် ဦးဇော်ဇော်က မြန်မာနိုင်ငံတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအရ အကျုံးဝင်နိုင်သည့်လူဦးရေမှာ ၁၃ သန်းခန့်ရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းအဖြစ်ဆင့်ခေါ်ရာတွင် သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ဆင့်ခေါ်မည်မဟုတ်ဘဲ နေရာဒေသအလိုက်၊ မြို့နယ်အလိုက်၊ လူဦးရေပေါ်မူတည်၍ အချိုးအစားအလိုက် ခေါ်ယူသည့်စနစ်ကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း၊ သင်တန်းတစ်ပတ်စဉ်လျှင် ရပ်ကွက်/ကျေးရွာတစ်ခုမှ အများဆုံးအရေအတွက်မှာ တစ်ဦး/ နှစ်ဦးထက်ပိုနိုင်မည်မဟုတ်ကြောင်း၊ လူမှုကွန်ရက်တွင် ကြားသိရသမျှ သတင်းတိုင်းကို အမှန်ဟု မယူဆသင့်ကြောင်း၊ အသိပညာဖြန့်ဝေပေးခြင်းဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ နိုင်ငံကာကွယ်ရေးအတွက် နိုင်ငံသားတိုင်း စစ်မှုထမ်းခြင်းသည် နိုင်ငံသားတိုင်း၏ မြင့်မြတ်သောတာဝန်ပင်ဖြစ်ကြောင်း၊ နိုင်ငံ့အရေးတွင် မိမိတို့ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းများ နားလည်သဘောပေါက်စေရန် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ပါမောက္ခချုပ် ဦးဇော်ဇော်၊ ဥပဒေပညာဌာန ပါမောက္ခ ဒေါ်သင်းသင်းလှိုင်၊ နိုင်ငံရေးသိပ္ပံပညာဌာန ပါမောက္ခ ဒေါ်ညွန့်ညွန့်ထွေးနှင့် ကာကွယ်ရေးပညာဌာနမှ ရဲမှူးကြီး သန့်လွင်မောင်တို့က ဥပဒေပါ အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



# စဉ့်ကူးမြို့နယ်တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများရှင်းလင်းပွဲကျင်းပ

စဉ့်ကူး မတ် ၁၃

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ် ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်ပတ်သက်၍ ရှင်းလင်းပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက စဉ့်ကူးမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် သပိတ်ကျင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲမြတ်တင့် က ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးနှင့်စပ်လျဉ်း၍ စာရင်းပြုစုခြင်း၊ မှတ်ပုံတင်ခြင်း၊ ဆေးစစ်ဆေးခြင်းနှင့် အမိန့်စာဆင့်ခေါ်ခြင်း၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ဆေးစစ်ရေးဘုတ်အဖွဲ့များ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များစသည့် အချက်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ သိရှိလိုက်နာ ဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ထို့နောက် ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# လာမည့်အမေရိကန်ရွေးကောက်ပွဲ၌ သမ္မတဂျိုးဘိုင်ဒင်နှင့် သမ္မတဟောင်းထရမ့်တို့ အကြိတ်အနယ်ယှဉ်ပြိုင်မည်



ဝါရှင်တန် မတ် ၁၃

လာမည့် အမေရိကန်ရွေးကောက်ပွဲသည် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် သမ္မတဟောင်းထရမ့်တို့ကြား အကြိတ်အနယ် ပြန်လည်ယှဉ်ပြိုင်ရမည့် ရွေးကောက်ပွဲတစ်ခု ဖြစ်လာဖွယ်ရှိကြောင်း သိရသည်။

လက်ရှိတွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် သမ္မတဟောင်းထရမ့် နှစ်ဦးစလုံးသည် ၎င်းတို့၏ သက်ဆိုင်ရာ ပါတီများ၏ သမ္မတလောင်းအဖြစ် တရားဝင်ကိုယ်စားပြုမှုကို ရရှိပြီးဖြစ်သည်။

**ထောက်ခံမှုရရှိထား**

ဂျိုးဘိုင်ဒင်သည် မတ် ၁၂ ရက်တွင် ဂျော်ဂျီယာနှင့် အခြားသော ပြည်နယ်များ၌ ဒီမိုကရက်တစ်ပါတီ၏ တရားဝင်သမ္မတလောင်းဖြစ်လာရန် ယှဉ်ပြိုင်မှုများတွင် ထောက်ခံမဲအသာစီးဖြင့် အနိုင်ရရှိခဲ့ပြီးနောက် ဒီမိုကရက်တစ်ပါတီ၏ တရားဝင်ကိုယ်စားပြု သမ္မတလောင်းအဖြစ် ပါတီဝင်များ၏ ထောက်ခံမှုကို ရရှိထားပြီးဖြစ်သည်။

အလားတူ သမ္မတဟောင်းထရမ့်သည် ရီပတ်ဘလစ်ကန်ပါတီ၏ တရားဝင်သမ္မတလောင်းအဖြစ် ပါတီဝင်များ၏ ထောက်ခံမှု အများဆုံးရရှိထားကြောင်း သိရသည်။

ထရမ့်၏ခြိမ်းခြောက်မှုသည် ယခင်ကထက် ပိုမိုကြီးမားလာသည့်အတွက် ပါတီနှင့်နိုင်ငံကို ဦးဆောင်ရန် ပြည်သူများ၏ ထောက်ခံမဲလိုအပ်ကြောင်း ဂျိုးဘိုင်ဒင်က ပြောကြားသည်။

ရီပတ်ဘလစ်ကန်ပါတီသည် စည်းလုံးညီညွတ်ကာ နိုင်ငံအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် အားကောင်းသောမောင်းနှင်အားရှိကြောင်း ထရမ့်က ၎င်း၏ ဆိုရှယ်မီဒီယာတွင် ရေးသားထားသည်။

အမေရိကန်နိုင်ငံကို ကြီးကျယ်ခမ်းနားအောင် ပြန်လည်လုပ်ဆောင်ရန် မဲဆန္ဒရှင်ပြည်သူများ၏ ယုံကြည်မှုလိုအပ်ကြောင်း သမ္မတဟောင်းထရမ့်က တိုက်တွန်းပြောကြားသည်။

ဂျိုးဘိုင်ဒင်နှင့် ထရမ့်တို့၏ ရွေးကောက်ပွဲဆိုင်ရာ ယှဉ်ပြိုင်မှုကို မကျေပွဲတစ်ရပ်အဖြစ်ရှုမြင်ရမည်ဖြစ်ကြောင်း နိုင်ငံရေးသတင်းဝက်ဘ်ဆိုက် RealClearPolitics က ၎င်းကောက်ယူထားသည့် စစ်တမ်းများကို ကိုးကားပြီး သတင်းဖော်ပြသည်။

ဂျိုးဘိုင်ဒင်သည် ထောက်ခံမဲ ၄၅ ဒသမ ၇ ရာခိုင်နှုန်းရရှိထားပြီး ထရမ့်သည် ၄၇ ဒသမ ၄ ရာခိုင်နှုန်း ရရှိထားကြောင်း မတ် ၁၂ ရက်အထိ ကနဦးစစ်တမ်းတစ်ရပ်အရ သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂါဇာ၌ လေးလအတွင်း ကလေးသေဆုံးမှုအရေအတွက် ယခင်လေးနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ စစ်ပွဲအားလုံးထက် ပိုမိုများပြား

ဂျေရုဆလင် မတ် ၁၃

ဂါဇာကမ်းမြောင်ဒေသ၌ လေးလအတွင်း ကလေးသေဆုံးမှုအရေအတွက်သည် ယခင်လေးနှစ်အတွင်း ကမ္ဘာတစ်ဝန်းရှိ စစ်ပွဲအားလုံးထက် ပိုများကြောင်း ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂအေဂျင်စီ အကြီးအကဲက ပြောကြားခဲ့သည်။

ပါလက်စတိုင်း ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီ (UNRWA)မှ ကော်မရှင်နာချုပ် ဖိလစ်ပီလာဇ်ဇာရီနီက အဆိုပါအကြောင်းအရာနှင့်ပတ်သက်ပြီး လူမှုမီဒီယာတွင် မတ် ၁၂ ရက်က ပို့စ်ရေးသားခဲ့သည်။ ဂါဇာ ကမ်းမြောင်ဒေသ၌ ကလေးငယ်သေဆုံးမှုအရေအတွက်သည် ဂါဇာ ကျန်းမာရေး အာဏာပိုင်များထံမှ အချက်အလက်များအပေါ် အခြေခံကြောင်း သိရသည်။



လွန်ခဲ့သည့် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ ကလေး ၁၂၃၀၀ ကျော် သေဆုံးခဲ့သည်။

၂၀၁၉ ခုနှစ်မှ ၂၀၂၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်း ပဋိပက္ခများတွင် သေဆုံးခဲ့သည့် ကလေးအရေအတွက်မှာ ၁၂၁၉၃ ဦး ရှိသည်ဟု ပါလက်စတိုင်းဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂကယ်ဆယ်ရေးနှင့် လုပ်ငန်းအေဂျင်စီက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသ၌ စစ်ဆင်ရေးဆင်နွှဲမှုများကြောင့် ကလေးငယ်များ၏ ဘဝနှင့် အနာဂတ်အတွက် အဆိုးရွားဆုံးဖြစ်လျက်ရှိသည်။ အဆိုပါကလေးငယ်များ၏ အနာဂတ်သာယာလှပရေးအတွက် အပစ်အခတ်ရပ်စဲရေးကို တောင်းဆိုပါကြောင်း ဖိလစ်ပီလာဇ်ဇာရီနီက ထပ်လောင်းပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ အမိုးနီးယားဓာတ်ငွေ့ကို လျှပ်စစ်ထုတ်လွှတ်ရေးတွင် လောင်စာအဖြစ်အသုံးပြုမည်

တိုကျို မတ် ၁၃

ဂျပန်နိုင်ငံ လျှပ်စစ်ထုတ်လွှတ်ရေး လုပ်ငန်းဖြစ်သည့် Jera သည် ၎င်း၏ ဓာတ်အားပေးစက်ရုံ တစ်ခုတွင် အမိုးနီးယားကို လောင်စာအဖြစ်အသုံးပြုမည့် စမ်းသပ်မှုတစ်ခုကို စတင်ရန် ပြင်ဆင်နေကြောင်း ယနေ့ အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

Jera သည် ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ၎င်း၏ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၌ ယင်းစမ်းသပ်မှုတွင် အသုံးပြုမည့် မီးစက်ကို ထုတ်ဖော်ပြသခဲ့သည်။ ရည်မှန်းချက်မှာ အဆိုပါလျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် အသုံးပြုသည့်လောင်စာ ၂၀ ရာခိုင်နှုန်းကို အမိုးနီးယားဖြင့် အစားထိုးရန် ဖြစ်သည်။

ယင်းလျှပ်စစ်ဓာတ်အား စမ်းသပ်ထုတ်လွှတ်မှုကို မတ် ၂၆ ရက်တွင် စတင်မည်ဟု Jera က ထပ်လောင်းပြောကြားခဲ့သည်။ ၎င်းနည်းလမ်းသစ်ကို ၂၀၂၇ သို့မဟုတ် ၂၀၂၈ ခုနှစ်တွင် လက်တွေ့အသုံးပြုနိုင်စေရန် ရည်ရွယ်သည်။ Jera သည် ဂျပန်နိုင်ငံ၏ အဓိကလျှပ်စစ်ထုတ်လုပ်သူဖြစ်ပြီး Tokyo Electric Power နှင့် Chubu Electric Power တို့ကြား ဖက်စပ်လုပ်ငန်းတစ်ခုဖြစ်သည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**

**ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံအနီး ကျောင်းတစ်ကျောင်းတွင် ပညာသင်ကြားမှုပြီးဆုံးခြင်းအခမ်းအနား ကျင်းပ

တိုကျို မတ် ၁၃

ဂျပန်နိုင်ငံ ဖူကူရှီးမားဒိုင်အိချိ နျူကလီးယားဓာတ်အားပေးစက်ရုံအနီးတွင် တည်ရှိသည့် Manabiya Yumenomori ကျောင်းတွင် ကျောင်းသားများ ပညာသင်ကြားမှုပြီးဆုံးခြင်းအခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ပြန်လည်ကျင်းပခဲ့ကြောင်း ယနေ့အင်န်အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

ယင်းစာသင်ကျောင်းတည်ရှိရာ ဖူကူရှီးမားစီရင်စု အိုကူမာမြို့ရှိ ဒေသခံများအား ၂၀၁၁ ခုနှစ် မတ်လတွင်ဖြစ်ပွားခဲ့သည့် မြေငလျင်နှင့်ဆူနာမီမုန်တိုင်း ဖြစ်ပွားခဲ့ပြီးနောက် ၎င်းဒေသမှစွန့်ခွာရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ ယင်းဖြစ်စဉ်ကြောင့် ဖူကူရှီးမားဒိုင်အိချိနျူကလီးယားဓာတ်အားပေးစက်ရုံ ထိခိုက်ပျက်စီးခဲ့သည်။

၂၀၂၂ ခုနှစ် ဇွန်လတွင် ဘေးလွတ်ရာရွှေ့ပြောင်းရေးအမိန့်ကို တာဝန်ရှိသူများက ရုပ်သိမ်းခဲ့သည်။ ၎င်းပညာသင်ပြီးဆုံးခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့သူ Manabiya Yumenomori ကျောင်းမှ ကျောင်းသားတစ်ဦးက ၎င်းသဘာဝဘေးပြီးဆုံးခဲ့ပြီးနောက် ပညာသင်ကြားရာတွင် ဆရာ ဆရာမများ၏ နွေးထွေးသော စောင့်ရှောက်မှုဖြင့် ပညာပြန်လည်သင်ကြားနိုင်ခဲ့ကြောင်း ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ**



# ထိုင်းနိုင်ငံ၌ ယခုနှစ်ဆုန်ခရမ် သင်္ကြန်ပွဲတော်အတွင်း မူးယစ်သောက်စားမောင်းနှင်မှု တားမြစ်ရေးအစီအစဉ် ဆောင်ရွက်မည်

ဗန်ကောက် မတ် ၁၃

ထိုင်းအစိုးရက ယခုနှစ်ဆုန်ခရမ် သင်္ကြန်ပွဲတော်အတွင်း အရက်မူးပြီး ယာဉ်မောင်းနှင်မှု တားမြစ်ရေးအစီအစဉ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

မတ် ၁၁ ရက်က ပြုလုပ်သည့် အရက်အဖျော်ယမကာမူဝါဒကော်မတီ အစည်းအဝေးတွင် ထိုင်းပြည်သူ့ကျန်းမာရေးဝန်ကြီး Cholnan Srikaew က ယခုနှစ်ဆုန်ခရမ် အခမ်းအနားအတွက် အရက်သောက်သုံးမှု ထိန်းချုပ်ရေး လမ်းညွှန်ချက်များကို အတည်ပြုကြောင်း ကြေညာခဲ့သည်။



အရက်သေစာသောက်စားမှု ထိန်းချုပ်ရေးကွန်ရက်နှင့် ပူးပေါင်း၍ ဝန်ကြီးဌာန၏ ရောဂါထိန်းချုပ်ရေးဌာနသည် အရက်သောက်၍ ယာဉ်မမောင်းပါနှင့်ဆိုသည့် လှုပ်ရှားမှုကို ဆောင်ရွက်မည်ဖြစ်သည်။

သင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မတော်တဆမှုများ လျှော့ချရန်အတွက် ယခုစီမံချက်ကို အမျိုးသား အရက်ထိန်းချုပ်ရေးစီမံချက် အဆင့်အနေဖြင့် ပေါင်းစပ်ဆောင်ရွက်သွားမည် ဖြစ်သည်။

ဗန်ကောက်မြို့ အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက အရက်ကင်းစင်ပြီး အန္တရာယ်ကင်းသော သင်္ကြန်ပွဲတော်ဖြစ်စေရေးအတွက် ရေကစားနေရာများကို စီစဉ်ပေးရန် ညွှန်ကြားထားသည်။

ထို့ပြင် အဆိုပါအစီအစဉ်တွင် တိုင်းနှင့် ပြည်နယ်များရှိ အရက်ထိန်းချုပ်ရေးကော်မတီများကို သက်ဆိုင်ရာ အေဂျင်စီများနှင့်အတူ ပြည်သူများအား ဥပဒေများကိုလိုက်နာရန် စည်းရုံးလှုံ့ဆော်သည့် ပြည်သူ့ဆက်ဆံရေး လှုပ်ရှားမှုတစ်ရပ် ဖော်ဆောင်ရေးအတွက် တာဝန်ရှိသူများက တိုက်တွန်းခဲ့သည်။

ထို့ပြင် ခရိုင်အရာရှိများနှင့် တာဝန်ရှိသူများကိုလည်း ဥပဒေနှင့်အညီ တင်းတင်းကျပ်ကျပ် လိုက်နာဆောင်ရွက်ကြရန်နှင့် အထူးသဖြင့် အသက် ၂၀ အောက် လူငယ်များအား အရက်ယမကာရောင်းချခြင်းမှ တားမြစ်ရေးကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဗွီအင်န်အိတ်စ်ပရက်စ်**

**ဘာသာပြန် – စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မတ် ၁၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှု ဆိပ်ကမ်း၌ ကုန်သေတ္တာသုံးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် JFRESH Solar Flood Light with Panel အစုံ ၁၃၂၀၊ Ching Kuen Caped Wrapping Paper Machine တံဆိပ်ရိုက်စက် နှစ်လုံး အပါအဝင် ကုန်ပစ္စည်းကိုးမျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၂၅၄၅၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် Measurement Equipment ၅၀ ကီလိုဂရမ် အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၀၁၂၃၅၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း၌ လိုင်စင်မဲ့ Nissan X–Trail ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးနှင့် မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် IWACHI LED မီးသီး အလုံး ၄၃၀၀၊ Smart Softener အမွှေးဆီ အထုပ် ၂၁၆၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီးနှင့် Asia Star Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀) ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၈၂၆၂၃၅၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ထို့အပြင် မတ် ၁၂ ရက်တွင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်လမြိုင်မြို့နယ် ဝေ့းကုန်းရပ်ကွက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်စားသုံးဆီ တစ်လီတာပါ ဘူး ၂၄၀၀၊ Sponsor အချိုရည် ဘူး ၁၃၂၀၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မတ် ၁၂ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် မြိတ်မြို့နယ် နောက်လယ်(၃)လမ်း ကျောက်ပုံဆိပ်အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ငါးဖမ်းပိုက် ၂၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြိတ်မြို့နယ် ကမ်းသာယာကျေးရွာ၌ တရားမဝင် အခြားသစ် ၃ ဒသမ ၅၉၂ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၈၉၂၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၃၈၉၂၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မတ် ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၁၇၀၁၂၇၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# တနိုင်းမြို့နှင့် မိုင်းဆတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



ကိုကိုထွေး(ခ)နို့စို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် မတ် ၁၃

ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၁၂ ရက် နံနက် ၁၁ နာရီတွင် တနိုင်းမြို့နယ် လမုန်ကျေးရွာ အမှတ်(၃) ရပ်ကွက်ရှိ မင်းထွန်း(ခ)ချင်းတွင်းသား၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၇၅ ပြားကို လည်းကောင်း၊ ထိုနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် မိုင်းဆတ်မြို့ ဝိန်းဗိုင်ရပ်ကွက်တွင် ကိုကိုထွေး(ခ)နို့စို့ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ ကိုလည်းကောင်း၊ စစ်ဆေးချက်အရ ညနေ ၅ နာရီခွဲတွင် မိုင်းဆတ်မြို့ ဝိန်းနေရပ်ကွက် အောင်ချမ်းသာရပ်ရှိ ၎င်း၏နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မှော်ဘီမြို့နယ်၌ အလုပ်ခွင်အတွင်းထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းထုတ်ပေး

မှော်ဘီ မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မှော်ဘီမြို့နယ်ရှိ စုယုအိအထည်ချုပ်စက်ရုံနှင့် Kido Yangon Co.,Ltd. စက်ရုံတို့မှ အာမခံအလုပ်သမား နှစ်ဦးအတွက် လုပ်ငန်းခွင်အတွင်းထိခိုက်မှုကြောင့် ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အမြဲတမ်းမသန်စွမ်းမှုအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ကျောက်တံတားမြို့နယ် ဘားလမ်းရှိ တိုင်းဒေသကြီးလူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ သိကောင်းစရာများကို ရှင်းလင်းပြောကြားပြီး မှော်ဘီမြို့နယ် စုယုအိအထည်ချုပ်စက်ရုံမှ အာမခံအလုပ်သမား ဦးနိုင်ဇင်မိုး၏ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၄၂၄၈၀၀၀ ကို ဇနီးဖြစ်သူ ဒေါ်ဝင်းပပလှိုင်ထံသို့ ပေးအပ်သည်။ ထို့နောက် Kido Yangon Co.,Ltd မှ အာမခံအလုပ်သမား ဦးနေလွင်ထွဋ်၏ လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် အမြဲတမ်းမသန်စွမ်းမှု ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၆၀၅၈၇၅၁ ကို ဦးနေလွင်ထွဋ်ထံ ထုတ်ပေးခဲ့ကြောင်း သိရသည်။




**ကောင်းမြတ်သူ(မှော်ဘီ)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၃-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

- ၀၆:၀၀ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တသုတ်၊ ရတနသုတ် တေဇ္ဇုဂ်သုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ချမ်းမြေ့စေမှာပနေး မင်္ဂလာမန္တလေး
- ၀၉:၁၅ NRC အစီအစဉ် (ဗမာ) 'ပုဂံနှင့်ယွန်းထည်'
- ၀၉:၃၀ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ ရတနာထိုက်စွာပယင်းရတနာ
- ၁၁:၄၀ Next Level
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်သူ့အနားကချစ်လိပ်ပြာ'** (အပိုင်း–၁၈)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ပြည့်စုံခြင်းအိပ်မက်'** (အပိုင်း–၃၅)
- ၁၆:၃၅ (၇၉)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၆:၅၀ တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေး စနစ်၏အောင်မြင်မှုမှတ်တမ်းများ
- ၁၇:၁၀ Soccer View
- ၁၇:၂၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဘယ်သူမှန်လဲအပြိုင်ကြ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ **'အခ်ိန်နားဆုံးသစ်ဝင်'** (အပိုင်း–၁) (စိုးသီဟ၊ နေဆန်း၊ လှမျိုးသဥ္စာနွယ်၊ နန်းဆုဦး၊ စန်းကြည်ဖြူ)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တော်ဝင်စားပွဲ'** (အပိုင်း–၇)
- ၂၂:၁၅ မြန်မာဇာတ်လမ်းတွဲ **'ရပ်ကွက်ထဲမှာဒီလိုပဲ'** (အပိုင်း–၁၆)

### mitv

- 07:02 Evergreen Classic: Ma Lay Lat Khat Than (Mya Thinn Chal)
- 07:09 Myanmar Avocado In The Global Market
- 07:32 Myanmar Avocado In The Global Market
- 07:49 Safari World
- 08:01 News
- 08:26 Htan Taw Drums (Part-II) "Dobat"
- 08:43 Healthy Diet: Fasting Diet
- 08:51 The Bamboo Hat
- 09:01 A Glance At A Naga Family Life (I)
- 09:20 The Art of Taxidermy: U Myo Naing
- 09:31 Myanmar Avocado In The Global Market
- 10:01 News

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
လခြမ်းမြို့မှရိုးရာအလှ(အပိုင်း–၁)

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
သံပင်ကျွတ်ခြင်းကိုကာကွယ်ကုသနည်း

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း–၂)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ခါကြက်ဥပူတင်းလုပ်စားကြမယ်

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ဝကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
သွေးတိုးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ရခိုင်ရိုးရာအစားအစာကြာဇံသုပ်နည်း

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
စာပေစကားပြောကြရအောင်(အပိုင်း–၃)

**ချင်း(လိုင်ဇို) (၁၉:၀၀ မှ ၂၀:၀၀)**
နွေးထွေးသည့်လုပ်ဘန်းရွာသို့အလည်တစ်ခေါက် (အပိုင်း–၂)

**ချင်း(ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း–၂)

**မွန် (၂၁:၀၀ မှ ၂၂:၀၀)**
ထန်းပင်ပေါ်ကတို့ပေပေ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို **'ငွေအသုံးကုန်းတစ်ဝက်'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ(အပိုင်း–၃)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း–၁၅)

### MRTV FARMERS' / HTV Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ တန်ဖိုးမြင့်ထုတ်ကုန်ဖွဲ့နည်းအစွမ်း
- ၀၆:၂၀ ဆွေးနွေးကြမယ်စိုက်ပျိုးမွေးမြူနည်း အသွယ်သွယ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်းနှင့် မိုးလေဝသ
- ၁၈:၀၀ Satyaprem.Ki.Katha.2023 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Suzume (2022)(နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS / HTV Sports

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Max
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ Weekly Soccer Preview

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

❍ ကျောဖုံးမှ

ရထားလမ်းပိုင်းအား စစ်ဆေးဆောင်ရွက်ခဲ့ပြီး တောင်ငူ–သောင်းတိုင်ကုန်း ရထားလမ်းပိုင်းကို ယနေ့နံနက် ၇ နာရီ ၂၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါမိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ပျက်စီးဆုံးရှုံးမှု ကြီးကြီးမားမားဖြစ်ပေါ်ခြင်းမရှိခဲ့သော်လည်း မိုင်းဖောက်ခွဲခံရသည့် ခပေါင်းတံတားသည် ရန်ကုန်–မန္တလေးရထားလမ်းပိုင်းအတွင်း တောင်ငူနှင့် သောင်းတိုင်ကုန်းဘူတာအကြား အဓိကတံတားတစ်စင်းဖြစ်ပြီး ရန်ကုန်–တောင်ငူ ရထားလမ်းပိုင်းအဆင့်မြှင့်တင်ရေးစီမံကိန်း ဆောင်ရွက်နေစဉ် အဆိုပါတံတားတစ်စင်းတည်းကိုသာ အစုန်/အဆန်ရထားများ ဖြတ်သန်းနေရသဖြင့် မိုင်းဖောက်ခွဲမှုကြောင့် တံတားထိခိုက်ပျက်စီးခဲ့ပါက ရထားသွားလာမှု ရပ်ဆိုင်းသွားနိုင်၍ ခရီးသွားပြည်သူများနှင့် ကုန်စည်သယ်ယူပို့ဆောင်မှုကို ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။





အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲမှုကြောင့် တောင်ငူ–သောင်းတိုင်ကုန်းဘူတာအကြား တံတားအမှတ် (၂၆၃) ခပေါင်းတံတား ပျက်စီးဆုံးရှုံးမှုအခြေအနေ။

### ကျူးလွန်ခဲ့ကြ

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၅၀၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင်ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်–မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ဗန်းမော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၃**

ကချင်ပြည်နယ်ရှိ မြစ်ကြီးနား–ဗန်းမော်လမ်းတစ်လျှောက်တွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို KIA နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက နှောင့်ယှက်တိုက်ခိုက်လျက်ရှိသည့်အတွက် မတ် ၇ ရက်မှစ၍ ဗန်းမော်မြို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ပစ်ခတ်မှုများကြောင့် မိုင်းကာကျေးရွာ၊ မိုးစိမ်းကျွန်းကျေးရွာ၊ စင့်ကင်ကျေးရွာနှင့် ကမ်းနီကျေးရွာတို့မှ ပြည်သူငါးဦး သေဆုံးခဲ့ကြောင်း သောင်းကျန်းသူအဖွဲ့အစည်း၏ ဝါဒဖြန့်သတင်းများ၊ သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေနေသည့် သတင်း Page များတွင် မဟုတ်မမှန်စွပ်စွဲ ရေးသားထားသည်ကို တွေ့ရသည်။




အဆိုပါသတင်းနှင့် ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ဗန်းမော်မြို့ရှိ လုံခြုံရေးတပ်စခန်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အကြမ်းဖက်သမားများက လက်နက်ကြီးများဖြင့် ချောင်းမြောင်း ပစ်ခတ်ခြင်းများသည် ဗန်းမော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကို ကျရောက်ပေါက်ကွဲလျက်ရှိပြီး ဒေသခံပြည်သူများ ထိခိုက်သေဆုံးခဲ့ရကြောင်း သိရသည်။

သောင်းကျန်းသူ အဖွဲ့အစည်း၏ ဝါဒဖြန့်သတင်းများ၊ သတင်းတု၊ သတင်းအမှားများ ဖြန့်ဝေနေသည့် မီဒီယာအမည်ခံ သတင်း Page များသည် ပြည်သူများ အမုန်းပွားစေမည့် အကြောင်းအရာများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေမည့် လုပ်ကြံသတင်းများဖြင့် ပြည်သူများကို နေ့စဉ်နှင့်အမျှ သတင်း အဆိပ်ခတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မတ် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–ကနှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မတ် ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Empty” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် စက်မြေရပ်ကွက်နေ ဟန်လင်းထွန်း(ခ) ဟန်ကြီးအား နံနက် ၁ နာရီခွဲတွင် ပုဇွန်တောင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းပြားတွင် ပြည်သူ ၃၀ ကျော်ကို သတ်ဖြတ်ခဲ့ကြောင်းနှင့် စစ်တွေမြို့မဈေးအတွင်းသို့ တပ်မတော်က လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည့်အတွက် ပြည်သူများ သေဆုံးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် မတ် ၁၃**

ရခိုင်ပြည်နယ် မင်းပြားမြို့မှ အပြစ်မဲ့ပြည်သူ ၃၀ ကျော်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၂၃ ရက်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက သတ်ဖြတ်ခဲ့ကြောင်းနှင့် စစ်တွေမြို့မဈေးအတွင်းသို့ ဖေဖော်ဝါရီ ၂၉ ရက်က လက်နက်ကြီးပစ်ခတ်မှုကြောင့် ပြည်သူ ၂၁ ဦးသေဆုံးခဲ့ကြောင်း AA အကြမ်းဖက်သောင်းကျန်းသူများ၏ တစ်ဖက်သတ်စွပ်စွဲ ရေးသားထုတ်ပြန်ထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာ Khit Thit က ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လူမှုကွန်ရက်ပေါ်တွင် လုပ်ကြံဝါဒဖြန့်ဝေနေသည်ကို တွေ့ရသည်။







### မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ပြည်သူများ ကြောက်ရွံ့ထိတ်လန့်လာပြီး တည်ငြိမ်အေးချမ်းမှု မရှိစေရန်နှင့် အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်အတွက် ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများကို ထောက်ထားငဲ့ညာမှုမရှိဘဲ ပြည်သူများနေထိုင်ရာ မြို့၊ ရွာများအတွင်း သို့ လက်နက်ကြီးများ၊ ရှော့တိုက်ဒုံးများ၊ ဒရုန်းများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် တပ်မတော်အပေါ် အပြစ်ပုံချကာ ပြည်သူများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❂ MFF မှ

ယခုပွဲမဖြစ်မနေအနိုင်ရမှ ချန်ပီယံဆုကာကွယ်ခွင့် မျှော်လင့်နိုင်မည်ဖြစ်သည့် VUC အသင်းသည် အားကုန်ထုတ်ကစားခဲ့ပြီး ၁၃ မိနစ်တွင် တိုတာနှင့် ၃၆ မိနစ်တွင် ထွဋ်ဝေထွန်းတို့က ဂိုးများသွင်းယူခဲ့သည်။ MIU အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၃၉ မိနစ်တွင် ထွန်းအောင်ကျော်က သွင်းယူခဲ့သည်။

VUC အသင်းနှင့် MIU အသင်းတို့၏ ဗိုလ်လုပွဲနောက်ဆုံးပွဲ (တတိယပွဲ)ကို မတ် ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**ကိုညီလေး**

# TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအား မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



နေပြည်တော် မတ် ၁၃

TNLA အဖွဲ့များသည် ဒေသခံ တိုင်းရင်းသားလူငယ်များကို အတင်းအဓမ္မ ဖမ်းဆီးခေါ်ဆောင်ကာ စစ်သင်တန်းများ တက်ရောက်စေပြီး စစ်မှုတာဝန်များ ထမ်းဆောင်စေခြင်းကြောင့် သောင်းကျန်းသူအဖွဲ့တွင် တာဝန်ထမ်းဆောင်လိုခြင်း မရှိသော တိုင်းရင်းသားလူငယ်များ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ထိုသို့ TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်း မရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသား လူငယ်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိ၊ မြို့ဖများ၊ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဒေသခံ တိုင်းရင်းသားလူငယ် လေးဦးကို တစ်ဦးလျှင် ကျပ် ၁၀ သိန်းစီ ထောက်ပံ့ပေးအပ်ရာ တိုင်းရင်းသားလူငယ်များက လက်ခံရယူကြပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ဒေသခံ တိုင်းရင်းသားလူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းဝင်းအတွင်းမှ စာသင်ဆောင်များပျက်စီး

နေပြည်တော် မတ် ၁၃

ရခိုင်ပြည်နယ် စစ်တွေမြို့နယ် ကျေးတောရွာမအုပ်စု ရွှေပြည်သာကျေးရွာအတွင်းသို့ AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့မှုကြောင့် ကျေးရွာအတွင်းရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းဝင်းအတွင်းမှ စာသင်ဆောင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများသည် ယနေ့နံနက် ၉ နာရီခွဲခန့်တွင် ပုဏ္ဏားကျွန်းမြို့နယ် ခမောင်းတောကျေးရွာဘက်မှ လက်နက်ကြီးများဖြင့် လက်လွတ်စပယ်ပစ်ခတ်မှုကြောင့် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့သဖြင့် ကျေးရွာအတွင်းရှိသော အခြေခံပညာမူလတန်း(လွန်)ကျောင်းဝင်းအတွင်းရှိ စာသင်ဆောင်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

AA သောင်းကျန်းသူများအနေဖြင့် တည်ငြိမ်အေးချမ်းလျက်ရှိသော မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လက်နက်ကြီးများ အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်း၊ ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိပြီး ယခုတွင်လည်း အနာဂတ်ကလေးငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာသင်ကြားပို့ချပေးနေသည့် ပညာရေးအဆောက်အအုံများကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်များသည် လုံးဝလက်ခံနိုင်ဖွယ်ရာမရှိသဖြင့် ဒေသခံပြည်သူများက ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**







AA အကြမ်းဖက်သောင်းကျန်းသူများ ပစ်ခတ်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းဝင်းအတွင်းမှ စာသင်ဆောင်များပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

# သန်လျင်မြို့နယ် ငပကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုစစ်ဆေး

သန်လျင် မတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ငပကျေးရွာအုပ်စု ငပကျေးရွာသို့ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ငပကျေးရွာတွင် အရှည်ပေ ၉၀၀၊ အကျယ် ၁၂ ပေ၊ ဒ ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ငပကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါစီမံကိန်းအတိုးရငွေ၏ ၅၀ ရာခိုင်နှုန်းဖြစ်သည့် ငွေကျပ်သိန်း ၁၅၀၊ ကျေးရွာလူထုထည့်ဝင်ငွေကျပ် သိန်း ၁၁၀ စုစုပေါင်းငွေကျပ် သိန်း ၂၆၀ ကို အသုံးပြုကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ဖေဖော်ဝါရီလ တတိယပတ်မှစတင်ကာ ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်ထည်ဖော် ဆောင်အရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး၏ ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

JJJ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၃-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၀ | ၂၇၃၀ | ၂၇၂၅ | ၂၆၉၀ | ၂၇၂၅ | ၂၇၅၀ | ၂၇၃၅ | ၂၇၁၅ | ၂၈၁၀ | ၂၈၂၅ | ၂၇၂၀ | ၂၇၃၀ | ၂၇၆၅ | ၂၇၆၅ | ၂၇၇၀ | ၃၀၀၀ | ၃၁၅၀ |
| 95 Ron | ၂၇၉၀ | ၂၈၄၀ | ၂၈၃၅ | ၂၈၀၀ | ၂၈၃၅ | ၂၈၆၀ | ၂၈၄၅ | ၂၈၂၀ | ၂၉၂၀ | ၂၉၃၅ | ၂၈၃၀ | ၂၈၄၅ | ၂၈၇၅ | ၂၈၇၅ | ၂၈၈၀ | ၃၁၀၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၄၃၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၀ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၆၅ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၀ | ၂၄၈၀ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၅၀ | ၃၅၄၀ |
| HSD (50 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |
| HSD (10 ppm) | ၂၄၈၀ | ၂၅၃၀ | ၂၅၂၅ | ၂၄၈၅ | ၂၅၂၅ | ၂၅၅၀ | ၂၅၄၅ | ၂၅၁၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၂၀ | ၂၅၃၀ | ၂၅၆၅ | ၂၅၆၅ | ၂၅၇၀ | ၂၇၉၅ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၆ | ၂၆၄၁ |
| 95 Ron | ၂၆၆၂ | ၂၇၄၉ |
| HSD (500 ppm) | ၂၃၁၆ | ၂၃၉၂ |
| HSD (50 ppm) | ၂၃၆၁ | ၂၄၃၈ |
| HSD (10 ppm) | ၂၃၆၁ | ၂၄၃၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# (၅) ကြိမ်မြောက် အာဆီယံ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး ကွန်ရက်ဆု ရွေးချယ်ရေးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



နေပြည်တော် မတ် ၁၃

(၅) ကြိမ်မြောက် အာဆီယံလုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကွန်ရက်ဆု ရွေးချယ်ရေးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ ဆုရွေးချယ်ရေးကော်မတီဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဆုရွေးချယ်ရေးကော်မတီဥက္ကဋ္ဌ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ASEAN-OSHNET ၏ သတ်မှတ်ချက်အရ ဆုရွေးချယ်ရေးလုပ်ငန်းစဉ်များတွင်ပါဝင်သည့် ပဏာမအဆင့် အကဲဖြတ်ခြင်းနှင့် ပဏာမအဆင့်အောင်မြင်သည့် စက်ရုံအရေအတွက် ပေါ်မူတည်၍ ကွင်းဆင်းစစ်ဆေးရေး အစီအစဉ်များနှင့်ပတ်သက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးက ASEAN-OSHNET ဆု ဝင်ရောက်ယှဉ်ပြိုင်သည့် စက်ရုံများမှ တင်ပြသော လျှောက်လွှာနှင့် လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာမှတ်တမ်းများအပေါ် စိစစ်တွေ့ရှိချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး တင်ပြချက်များအပေါ် ဆုရွေးချယ်ရေးကော်မတီဝင်များက ဝိုင်းဝန်းဆွေးနွေး၍ ပဏာမအဆင့်အောင်မြင်သည့် စက်ရုံများကို အတည်ပြုရွေးချယ်ခြင်း၊ ကွင်းဆင်းစစ်ဆေးမည့် လျာထားအစီအစဉ်အား ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

ဆက်လက်၍ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပဏာမအဆင့် အောင်မြင်သည့် စက်ရုံများ ကွင်းဆင်းစစ်ဆေးခြင်းကို မတ်လကုန်တွင် အပြီးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဧပြီလ ပထမရက်သတ္တပတ်တွင် အပြီးသတ်ဆုရွေးချယ်ခြင်းကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အကဲဖြတ်ရွေးချယ်ခြင်းများကို ASEAN-OSHNET မှ သတ်မှတ်ထားသည့် စံနှုန်းများနှင့်အညီ သေချာစွာ စိစစ်ဆောင်ရွက်သွားရန် အထူးတိုက်တွန်းပါကြောင်း ပြောကြားသည်။

၂၀၂၄ ခုနှစ်အတွက် ASEAN-OSHNET Excellence ဆုအတွက် စက်ရုံ ၁၁ ရုံ၊ ASEAN-OSHNET Best Practices ဆုအတွက် စက်ရုံ ကိုးရုံ လျှောက်လွှာတင်သွင်းခဲ့ပြီး ပဏာမအဆင့်အောင်မြင်သည့် စက်ရုံများမှာ ASEAN-OSHNET Excellence ဆုအတွက် စက်ရုံ ၁၀ ရုံ၊ ASEAN-OSHNET Best Practices ဆုအတွက် စက်ရုံခြောက်ရုံဖြစ်ကြောင်း၊ မတ် ၁၈ ရက်မှစ၍ ကွင်းဆင်းစစ်ဆေးခြင်းဆောင်ရွက်ရန် လျာထားကြောင်း၊ ASEAN-OSHNET ဆုရွေးချယ်ခြင်းများကို ၂၀၁၆ ခုနှစ်မှစတင်၍ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်တွင် ရှစ်ရုံ၊ ၂၀၁၈ ခုနှစ်တွင် ၁၃ ရုံ၊ ၂၀၂၀ ပြည့်နှစ်တွင် ၁၄ ရုံနှင့် ၂၀၂၂ ခုနှစ်တွင် ခုနစ်ရုံ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် စက်ရုံ ၂၀ အထိ ဝင်ရောက်ယှဉ်ပြိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# "ဒီမိုကရေစီနှင့်၂၀၂၄ ရွေးကောက်ပွဲများဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲ"သို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ တက်ရောက်

နေပြည်တော် မတ် ၁၃

အာရှနှင့်ပစိဖိတ်ဒေသတွင်းရှိနိုင်ငံများ၏ ရုပ်သံနှင့်မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (Asia-Pacific Institute For Broadcasting Development-AIBD)အစီအစဉ်ဖြင့် ပြုလုပ်သော "ဒီမိုကရေစီနှင့် ၂၀၂၄ ရွေးကောက်ပွဲများဆိုင်ရာ အွန်လိုင်းဆွေးနွေးပွဲ"ကို ယနေ့မွန်းလွဲပိုင်းက သီရိလင်္ကာနိုင်ငံ၊ ပါကစ္စတန် နိုင်ငံနှင့် လွတ်လပ်သောရွေးကောက်ပွဲများအတွက် အာရှကွန်ရက် (ANFREL) အဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်များက အွန်လိုင်းမှတစ်ဆင့် ဆွေးနွေးပို့ချရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ အွန်လိုင်းဖြင့် တက်ရောက်လေ့လာကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ AIBD အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ မြန်မာနိုင်ငံမှ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ဝန်ထမ်းများ ပါဝင်တက်ရောက် ဆွေးနွေးခဲ့ကြပြီး ယင်းဆွေးနွေးပွဲကို ရွေးကောက်ပွဲသတင်း တင်ဆက်ရာတွင် ပါဝင်သည့် သတင်းထောက်များနှင့် မီဒီယာသမားများ၏ အရည်အချင်းကို မြှင့်တင်ရန်၊ သတင်းမှားများ၏ ခြိမ်းခြောက်မှုနှင့် သတင်းမှား ဖြန့်ဝေမှုများကို ဆန်းစစ်ဝေဖန်ပြီး နားလည်သဘောပေါက်မှုကို မြှင့်တင်ရန်၊ မီဒီယာနှင့် ဆိုရှယ်မီဒီယာတို့တွင် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများ ဖြစ်ပေါ်လာမှုကို မြှင့်တင်ရန်၊ ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ပြည်သူလူထုအား ပညာပေးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။



ဆွေးနွေးပွဲတွင် ကမ္ဘာ့လူဦးရေ၏ ၄၉ ရာခိုင်နှုန်းကျော်မဲပေးရန် စီစဉ်ထားသည့် ဥရောပသမဂ္ဂ အပါအဝင် နိုင်ငံပေါင်းအနည်းဆုံး ၆၄ နိုင်ငံတွင် ရွေးကောက်ပွဲများ၏ ရလဒ်များက ပြည်သူများအတွက် အကျိုးသက်ရောက်မှုရှိခြင်း၊ Journalism နှင့် ယုံကြည်စိတ်ချရသော သတင်းတင်ဆက်ခြင်း လိုအပ်မှုတို့ကို အရေးပါသော အချိန်များတွင် လွန်ကဲစွာမဖော်ပြသင့်ကြောင်း၊ AIBD သည် ကမ္ဘာလုံးဆိုင်ရာ ရွေးကောက်ပွဲအခင်းအကျင်းကို ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေပြီး လိုအပ်သော ကျွမ်းကျင်မှုများနှင့် မီဒီယာသမားများ လေ့ကျင့်ပေးရန် ရည်ရွယ်ပြီး အွန်လိုင်းဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် AIBD သို့ ၁၉၉၇ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် တင်းပြည့်အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး လုပ်ငန်းခွင်ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ၊ သတင်းတု/သတင်းမှား တိုက်ဖျက်ရေးနှင့် မီဒီယာသိနားလည်မှုဆိုင်ရာ သင်တန်းများ လက်ခံကျင်းပခြင်း၊ ပါဝင်တက်ရောက်ခြင်းများဖြင့် တက်ကြွစွာ ဆောင်ရွက်လျက်ရှိသည်။ **သတင်းစဉ်**



## မော်လမြိုင်မြို့နယ်၌ မီးဘေးအသိပညာပေး ဟောပြော

မော်လမြိုင် မတ် ၁၃

မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက မော်လမြိုင်မြို့ လေယာဉ်ကွင်းအတွင်း၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးကျော်သူက မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ မီးလောင်ရသည့် အကြောင်းအရင်းများ၊ မီးလောင်ခြင်းအမျိုးအစားများ၊ မီးအမျိုးအစားအလိုက် ငြိမ်းသတ်နည်းစနစ်များ၊ မီးလောင်မှုများ ဖြစ်ပေါ်ပါက ဆက်သွယ်ရမည့် နည်းလမ်းများနှင့် မီးလောင်ပြင်တွင် အသက်အန္တရာယ် မဆုံးရှုံးစေရန် သတိထားလိုက်နာသင့်သည့်အကြောင်းအရာများကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဈေးကြီးနယ်မြေခန်း၊ မြိုင်သာယာနယ်မြေခန်း၊ MRမော်လမြိုင်အသင်း၊ ဘိုဘိုဝင်းအသင်း၊ ရာမညပရဟိတအသင်းများပူးပေါင်း၍ ဆီကားမီးလောင်မှုအား မီးငြိမ်းသတ်ခြင်း၊ ကယ်ဆယ်ရေးဆောင်ရွက်ခြင်းတို့အား ဇုန်သုံးဇုန်ခွဲ၍ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်မှုများကို သရုပ်ပြသခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# တစ်သီးစားမှ သီးထပ်စိုက်ပျိုးနိုင်ရေး အကောင်အထည်ဖော်သီးနှံများ ဈေးကောင်းရ

ရေတာရှည် မတ် ၁၃

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ယခင်နှစ် မိုးရာသီကာလတွင် နောက်ပိုင်းမိုးရွာသွန်းမှုပမာဏများပြားခဲ့ပြီး စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းခဲ့ရာ တစ်ဧကလျှင် တင်း ၁၀၀ နှင့်အထက် ထွက်ရှိခဲ့ကြသည့်အပြင် စပါးဈေးမှာ ပေါ်ဦးစတွင် ရိတ်ခြွေပြီး စက်ကျအစိုတင်း ၁၀၀ လျှင် ၁၇ သိန်းဖြင့် ဈေးဖွင့်ဝယ်ယူခဲ့ပြီး စပါးဖြိုင်ဖြိုင်ပေါ်ချိန်တွင်လည်း တင်း ၁၀၀ လျှင် ၁၅ သိန်းကျော် ရောင်းချခဲ့ရခြင်းကြောင့် တောင်သူများ ထွန်ယက်ခ၊ မျိုးစရိတ်နှင့် အခြားသော သွင်းအားစုကုန်ကျစရိတ်များပေးချေပြီး အကျိုးအမြတ်များစွာ ရရှိခဲ့ခြင်း ဖြစ်သည်။

"တောင်သူတွေလို့ဆိုရာမှာ စပါး၊ ကြံ၊ နှမ်း၊ မြေပဲ၊ နေကြာ၊ ပဲမျိုးစုံ စိုက်ပျိုးကြတယ်။ ကိုယ်စိုက်ပျိုးမယ့် သီးနှံအမျိုးအစားနဲ့မြေအပေါ်မှာ ကွာခြားသွားတာပဲရှိတယ်။ ထွက်သမျှသီးနှံအားလုံးက ဝယ်လိုအားများတော့ ဈေးကောင်းရတာပေါ့။ တောင်သူတိုင်းအဆင်ပြေကြပါတယ်"ဟု ရေတာရှည်မြို့နယ် အေးသာယာကျေးရွာနေ ဒေသခံ တောင်သူတစ်ဦးက ပြောသည်။

ရာသီအလိုက်သီးနှံများစိုက်ပျိုးရာတွင် ထွက်နှုန်းကောင်းမွန်မည့် မျိုးကောင်း မျိုးသန့်များ ပြောင်းလဲသုံးစွဲနိုင်ရေး၊ စပါးစိုက်ပျိုးရာတွင် ကြဲပက်စိုက်ပျိုးခြင်းလုံးဝမပြုစေဘဲ တိုက်ရိုက်မျိုးစေ့ချကိရိယာဖြင့်လည်းကောင်း၊ စပါးမျိုးစေ့ကို ပျိုးထောင်၍ စနစ်တကျစိုက်ပျိုးစေခြင်း၊ စိုက်ပျိုးနည်းပညာပိုင်းဆိုင်ရာ သင်တန်းများကို တောင်သူများ တက်ရောက်စေပြီး တောင်သူအချင်းချင်း နည်းပညာများလက်ဆင့်ကမ်းဆောင်ရွက်စေခြင်း၊ ထို့ပြင် တစ်နှစ်ထက်တစ်နှစ် သီးနှံစိုက်ပျိုးစွမ်းအားနှင့် တစ်သီးစားစိုက်ဧက လျှော့ချ၍ နှစ်သီးစိုက်၊ သုံးသီးစိုက်ဧကများ နှစ်စဉ်တိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော်ရာတွင် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီ၌ ဆွာဆည်တမံမှ ဧက ပေါင်း ၁၁၀၀၀ ကိုရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂)တောင်ငူ တည်ဆောက်ရေး(၆)ရန်ကုန် မြို့နယ်ဆည်မြောင်းဦးစီးဌာနတို့က မိုးရာသီကာလတစ်လျှောက် ရေထိန်းညှိလွှတ်ပေးခြင်း၊ မိုးရေကြောင့်ပျက်စီးမှုများအား စက်ယန္တရားများဖြင့်ပြုပြင်ထိန်းသိမ်းခြင်း၊ လိုအပ်သော ရေပမာဏကိုသိုလှောင်ခြင်းတို့ကို ဟန်ချက်ညီစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ရပြီး နှစ်သီးစား ၆၄၁၃ ဧက၊ သုံးသီးစား ၄၅၈၇ ဧက ရေပေးဝေနိုင်ခဲ့ပြီ တောင်သူများအနေဖြင့် ရက် ၉၀ နှင့် ရက် ၁၀၀ သက်တမ်းစပါးမျိုးများကို စိုက်ပျိုးကြပြီး စပါးသီးနှံပေါ်ချိန် ထွက်နှုန်းကောင်းမွန်၍ ဈေးကောင်းရရှိပါက သွင်းအားစု ကုန်ကျစရိတ်များကာမိသည့်အပြင် အကျိုးအမြတ်များစွာရရှိနိုင်မည်ဖြစ်သည်။



**ကိုလွင်(ဆွာ)**

# ဆိပ်ဖြူမြို့နယ်၌ ကန်စွန်းဥစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေး မတ် ၁၃

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကိုးထောင့်၊ ရေလယ်ကျွန်း၊ သံဇလုံ၊ တောင်ငယ်လုံး၊ ရေလယ်တောင်၊ ကျစ်ပြင်၊ ချင်တောင်၊ အောက်ဆိပ်၊ ဇီးကပ်ကျေးရွာများတွင် ရာသီအလိုက် သီးနှံမျိုးစုံနှစ်စဉ် စိုက်ပျိုးလျက်ရှိရာ ကုန်စိမ်းသီးနှံရာသီစာ ကန်စွန်းဥစိုက်ခင်းများကိုလည်း ကိုင်းကျွန်း၊ သဲ၊ နုန်းမြေများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ကန်စွန်းဥစိုက်ခင်းများကို စီးပွားဖြစ် အမြောက်အမြား နှစ်စဉ်စိုက်ပျိုးကြပြီး ယခင်နှစ်တွင် စိုက်ဧက ၂၀၀၀ ခန့်စိုက်ပျိုးခဲ့ပြီး ကန်စွန်းဥအထွက်နှုန်းနှင့် ဈေးကွက်ကောင်းမွန်သောကြောင့် ယခုနှစ်တွင် စိုက်ဧက ၂၅၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးထားကြောင်း သိရသည်။



ကန်စွန်းဥစိုက်ပျိုးရာတွင် ရွှေဝါမျိုးနှင့် ငချိတ်မျိုးများကို အများဆုံး စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးအနေဖြင့် ကန်စွန်းညွန့်သုံးသောင်းခွဲခန့် စိုက်ပျိုးရကြောင်း၊ ဥစားကန်စွန်းညွန့်များကို မြစ်ရေကျချိန် အောက်တိုဘာလကုန်မှ နိုဝင်ဘာလအတွင်း စတင်စိုက်ပျိုးပြီး နောက်သုံးလအကြာ ဖေဖော်ဝါရီလမှ မတ်လအတွင်း တူးဖော်ရကြောင်း၊ ကန်စွန်းဥများ အချိုလေး၍ အရသာကောင်းမွန်စေရန် ရေသွင်းစိုက်ပျိုးခြင်းမပြုဘဲ မြေအောက်ရေဖြင့်သာ စိုက်ပျိုးကြောင်း သိရသည်။

စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ကျပ် ၉၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ပိဿာချိန် ၃၀၀၀-၃၅၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် ဒေသပေါက်ဈေးမှာ ကန်စွန်းဥအကြီးအသေးနှင့် အရည်အသွေးပေါ်မူတည်၍ လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၈၀၀-၁၅၀၀ ဖြင့် ရောင်းချရကြောင်း၊ တစ်ပိဿာလျှင် ကျပ် ၁၂၀၀ ဖြင့် တွက်ချက်ပါက ဝင်ငွေအနေဖြင့် ကျပ် ၃၆၀၀၀၀၀ ခန့်ရရှိပြီး ကျပ် ၂၇၀၀၀၀၀ ခန့် အကျိုးအမြတ်ရရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

# ကြက်သွန်ဖြူများ ဈေးကောင်းရရှိ၍ အကျိုးအမြတ်ရရှိ

မန္တလေး မတ် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ကြက်သွန်ဖြူသီးနှံကိုလည်း စိုက်ပျိုးလျက်ရှိကြောင်း၊ ခရိုင်အတွင်း ကြက်သွန်ဖြူ ၁၈၆ ဧက စိုက်ပျိုးထားရှိပြီး မတ်လဆန်းမှစတင်၍ တူးဖော်လျက်ရှိကြောင်း သိရသည်။

ကြက်သွန်ဖြူစိုက်ပျိုးရာတွင် ဗမာကြက်သွန်ဖြူမျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးပိဿာ ၆၀ ခန့် စိုက်ပျိုးရကြောင်း၊ တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်းကျပ် ၁၅၀၀၀၀၀ ခန့် ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ကြက်သွန်ဖြူ ပိဿာ ၈၀၀၀ ခန့်ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ကျပ် ၁၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဝင်ငွေအနေဖြင့် ကျပ် ၈၀၀၀၀၀၀ ခန့်ရရှိကာ ၆၀၀၀၀၀၀ ကျော်ခန့် အကျိုးအမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ပွဲစားများက ကျေးရွာများသို့ လာရောက်ဝယ်ယူ၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ကြက်သွန်ဖြူ ဈေးနှုန်းများမှာ ယခင်နှစ်ထက် ဈေးနှုန်းပိုမိုကောင်းမွန်သောကြောင့် အကျိုးအမြတ်များ ပိုမိုရရှိကြောင်း ကြက်သွန်ဖြူစိုက်ပျိုးသော တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။





# ကျောက်ဆည်ခရိုင်၌ ဖူးစားပြောင်းများ ရိတ်သိမ်း

မန္တလေး မတ် ၁၃

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်လျက်ရှိပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဖူးစားပြောင်းများကိုလည်း တောင်သူများ ဝင်ငွေတိုးပွားစေရန်အတွက် စီးပွားဖြစ် စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၌ ၂၀၃၃ ဧက၊ စဉ့်ကိုင်မြို့နယ်၌ ၃၇၄ ဧက၊ မြစ်သားမြို့နယ်၌ ၂၈၄၆ ဧက စုစုပေါင်း ၅၂၅၃ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး လက်ရှိအချိန်တွင် စဉ့်ကိုင်မြို့နယ်၌ ၃၇၄ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ဖူးစားပြောင်းစိုက်ပျိုးရာတွင် သကြားပြောင်းနှင့် ထောပတ်ပြောင်းများကို အများဆုံးစိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ်၂၆၀၀၀၀ ခန့်ကုန်ကျကြောင်း၊ တစ်ဧကအထွက်နှုန်းအနေဖြင့် ပြောင်းဖူး ၄၀၀၀ ခန့်ထွက်ရှိပြီး သကြားပြောင်းဖူးသည် လူကြိုက်များသောကြောင့် အရောင်းသွက်ပြီး ဈေးကောင်းရကြောင်း၊ ဈေးနှုန်းအနေဖြင့် ပြောင်းဖူးအရွယ်အစားပေါ်မူတည်၍ ဈေးနှုန်းကွာခြားမှုရှိ၍ ယခင်နှစ် ပြောင်းဖူးပေါ်ချိန်တွင် ဖောက်သည်ဈေး (လက်ကားဈေး)အနေဖြင့် အခင်းသို့ လာရောက်ဝယ်ယူမှုများရှိရာ ပြောင်းဖူးတစ်ဖူးလျှင် ကျပ် ၁၅၀ ဖြင့် ရောင်းချခဲ့ရပြီး လက်လီဈေးနှုန်းအနေဖြင့် သကြားပြောင်းဖူး အရွယ်အစားပေါ်မူတည်၍ လေးဖူးလျှင် ကျပ် ၁၀၀၀ ဖြင့်လည်းကောင်း၊ သုံးဖူးလျှင် ကျပ် ၁၀၀၀ ဖြင့်လည်းကောင်း ရောင်းချရကြောင်း၊ ယခုနှစ်ပြောင်းဖူးပေါ်ချိန်တွင် ဖောက်သည်ဈေး (လက်ကားဈေး) အနေဖြင့် ပြောင်းဖူးတစ်ဖူးလျှင် ကျပ် ၂၅၀-၃၀၀ ဖြင့် ရောင်းချရပြီး ပြောင်းဖူးပြုတ်တစ်ဖူးလျှင် ကျပ် ၇၀၀-၈၀၀ အထိ ရောင်းချရသည့်အတွက် ယခင်နှစ်ထက် ပြောင်းဖူးဈေးနှုန်း ပိုမိုကောင်းမွန်သဖြင့် တောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း ပြောင်းစိုက်တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

# လွယ်ဂျယ် ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှု အခြေအနေ

ရန်ကုန် မတ် ၁၃

လွယ်ဂျယ်ကုန်သွယ်ရေးစခန်းအနေဖြင့် တရုတ်နိုင်ငံသို့ မတ် ၁၀ ရက်မှ ၁၁ ရက်အတွင်း ပို့ကုန်တင်ပို့မှုတွင် ဆန် ၃၂ ဒသမ ၅၀ တန်၊ ဆန်ကွဲ ၂၀၀ တန်၊ ကြက်သွန်နီ ၁၁၆ တန်၊ သခွားမွှေး ၁၁၂ တန်၊ ထောပတ်ပဲ ၆၄ တန်၊ မြေထောက်ပဲ ၆၂၈ တန်၊ ပဲယဉ်း ၉၀ တန်၊ ပဲလွမ်းဖြူ ၁၃၃ တန်၊ ပဲကြီး ၃၃ တန်၊ ဆီးခွဲခြမ်း ၂၅ တန်၊ ဖရဲသီး ၁၁၂ တန်၊ ကြံ ၁၀၅ တန်၊ တစ်သျှူးငှက်ပျော ၂၉၁၂ တန်နှင့် ဖရုံသီး ၁၂၂ ဒသမ ၅ တန် တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်ပိုင်းတွင် သံ ၁၂ တန်၊ ဂျပ်ဖာ ၃၅ တန်၊ ကုန်စုံ ၄၉၅ ဒသမ ၅၇ တန်၊ ဆေးပစ္စည်း ၁၇၈၆၅၀ ခုနှင့် ကော်ဇောအခင်း အလိပ် ၇၅၀၀ တင်သွင်းနိုင်ခဲ့ကြောင်း သိရသည်။

## သတင်းရင်းမြစ် - စီးပွား/ကူးသန်း

၁၃.၃.၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၀၀၀ | | ၆၇၀၀ | ၁၆၀၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၉၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၀၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၂၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၄၀၀ | ၃၂၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၇၅၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၈၀၀၀ | ၁၅၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၅၉၀၀ | ၁၃၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၁၁၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၄၃၅ | ၁၃၅၀၀ | ၃၅၀၀ | ၁၇၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၄၃၀၀ | | ၆၉၀၀ | ၁၇၀၀၀ | ၅၉၃၀ | ၁၃၅၀၀ | ၃၅၀၀ | ၁၉၅၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၅၀၀ | ၃၅၀၀ | ၃၂၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၂၀၀ | ၁၆၀၀၀ | ၅၉၅၀ | ၁၃၃၀၀ | ၃၅၀၀ | ၁၉၃၀၀ | ၁၂၀၀၀ | ၈၂၀၀ | ၆၇၀၀ | ၁၀၀၀ | ၉၃၀၀ | ၆၉၀၀ | ၄၀၀၀ | ၃၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၄၃၅ | ၁၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၄၇၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၆၅၀ | | ၅၃၅၀ | ၁၆၀၀၀ | ၅၆၃၀ | ၉၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၇၅၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၀၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၄၀၀၀ | ၄၀၀၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၈၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၄၀ | ၁၂၀၀၀ | ၃၂၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၆၈၀၀ | ၆၀၀၀ | ၃၀၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၃၀၀၀ | ၅၈၀၀ | ၁၄၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၇၀၀ | ၇၅၀၀ | ၈၃၀၀ | ၃၅၀၀ | ၂၄၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၄၀၀ | | ၆၅၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၅၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၃၂၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၆၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၂၀၀၀၀ | ၁၁၀၀၀ | | ၆၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၃၀၀ | | ၅၂၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၂၇၀၀ | ၁၉၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၅၀ | ၇၅၀၀ | ၆၆၀၀ | ၃၇၀၀ | ၂၈၀၀ | ၄၄၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၆၅၀ | | ၆၆၀၀ | ၁၄၀၀၀ | ၅၅၅၀ | ၁၅၀၀၀ | ၂၈၀၀ | ၁၆၅၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၈၀၀ | ၄၂၀၀ | ၃၂၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၈၀၀ | ၄၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၈၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၄၀၀၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
## အမှတ်(၁)သံမဏိစက်ရုံ (မြင်းခြံ)
## ကြော်ငြာစာအမှတ်(၄/၂၀၂၄)
## ၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်
## ( ၂၀၂၄ ခုနှစ်၊ မတ်လ ၁၄ ရက် )

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူး (၇၆)နေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| စဉ် | ရာထူး၊ လစာနှုန်း | ပညာအရည်အချင်း | နေရာ |
|---|---|---|---|
| (က) | အလုပ်ရုံစိတ်မှူး (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | B.Tech/ AGTI (MP/MT/MC/EP/EC ) | ၆၄ နေရာ |
| ( ခ ) | ထုတ်လုပ်ရေး ကျွမ်းကျင်(၅) (၁၆၂,၀၀၀-၂၀၀၀-၁၇၂,၀၀၀) | ITC လက်မှတ်ရ | ၁၁ နေရာ |
| ( ဂ ) | လုပ်သား (၁၄၄,၀၀၀-၂,၀၀၀-၁၅၄,၀၀၀) | THS လက်မှတ်ရ/ အလကအောင် | ၁ နေရာ |

၂။ လျှောက်ထားသူသည် -
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။
( ခ ) ၃၀-၄-၂၀၂၄ ရက်နေ့တွင် အသက် (၁၈)နှစ်ပြည့်ပြီး (၃၄)နှစ်ထက် မကျော်လွန်ရ။ (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက) (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။
( ဂ ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် လျှောက်ထားရမည်။
(ဃ) အပိုဒ်(၁) အမှတ်စဉ်(က)ပါ ရာထူးအတွက် အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်သူကို ဦးစားပေး ရွေးချယ်မည်ဖြစ်ပါသည်။
( င ) အကျင့်စာရိတ္တ ကောင်းမွန်ပြီး ကျန်းမာရေး ကောင်းမွန်သူ ဖြစ်ရမည်။
( စ ) လျှောက်ထားသူတစ်ဦးလျှင် ရာထူးအလွှာတစ်မျိုးကိုသာ လျှောက်ထားရမည်။
(ဆ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက အနည်းဆုံး (၃)နှစ် တစ်ဆက်တည်း တာဝန်ထမ်းဆောင်ရမည်။ တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိပါက လျော်ကြေးငွေ (၅)သိန်း ကျပ်တိတိ ပေးဆောင်ရမည်။
( ဇ ) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်း၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။
(ဈ) လက်ရှိတာဝန်ထမ်းဆောင်နေပါက သက်ဆိုင်ရာဌာန၏ ခွင့်ပြုချက်အား ပူးတွဲ တင်ပြရန်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးရမည် -
(က) လျှောက်ထားသည့် ရာထူးအမည်၊
( ခ ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
( ဂ ) မွေးသက္ကရာဇ်နှင့် အသက်၊
(ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
( င ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း
( စ ) မိဘအမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် အလုပ်အကိုင်၊
(ဆ) အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ (မူရင်း)
( ဇ ) ကျန်းမာကြောင်း ဆေးလက်မှတ် (မူရင်း)
( ဈ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်း (ထောက်ခံချက်မူရင်း)
(ည) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်
( ဋ ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ ဖုန်းနံပါတ်
( ဌ ) အမြဲတမ်း နေရပ်လိပ်စာ အပြည့်အစုံ၊
( ဍ ) ယခင်လုပ်ကိုင်ခဲ့သော အလုပ်အကိုင် ရှိ/မရှိအား ပြည့်စုံစွာ ဖော်ပြရန်၊

၄။ လျှောက်လွှာများကို စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၁) သံမဏိစက်ရုံ(မြင်းခြံ)တွင် ရယူနိုင်ပြီး အမှတ်စဉ်(က) ရာထူးတန်းအတွက် စာမေးပွဲဝင်ကြေးငွေ ၅,၀၀၀/-(ကျပ်ငါးထောင်တိတိ) အား မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)၊ အမှတ်(၁)အကြီးစား စက်မှုလုပ်ငန်း၏ ငွေစာရင်းအမှတ် (SEE-10811) သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ အမှတ်စဉ်(က)အတွက် (မြန်မာ၊ အင်္ဂလိပ်၊ အထွေထွေဗဟုသုတ) ရေးဖြေစာမေးပွဲကို အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး အမှတ်စဉ်(ခ)နှင့်(ဂ) ရာထူးတန်းများအတွက် လူတွေ့စစ်ဆေးသွားမည်ဖြစ်ပါသည်။

၆။ လျှောက်လွှာများကို အမှတ်(၁)သံမဏိစက်ရုံ(မြင်းခြံ)သို့ လိပ်မူပြီး (၁၄-၃-၂၀၂၄) ရက်နေ့မှစ၍ စတင်လက်ခံမည်ဖြစ်ပြီး (၃၀-၄-၂၀၂၄) ရက်နေ့အရောက် နောက်ဆုံးထား၍ ပေးပို့လျှောက်ထားရမည်။ ဖြေဆိုမည့်နေ့ရက်အား ကြိုတင်အကြောင်းကြားပေးသွားမည်ဖြစ်ပါသည်။

၇။ သို့ပါ၍ အသေးစိတ်သိရှိလိုပါက အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အုပ်ချုပ်ရေးဌာန၊ နေပြည်တော်၊ ဖုန်း - ၀၆၇၃၄၀၅၄၁၄၊ ၀၆၇၃၄၀၅၄၅၁၊ ၀၉၄၂၀၇၄၈၄၀၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် မေးမြန်းနိုင်ပါသည်။

---

## ပတ်စ်ပို့ပျောက်

ကျွန်မ မိဇီဇဝါ[၁၀/သဖရ(နိုင်)၁၃၇၁၃၅]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၆၅၄၆၂၄၄**

---

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဦးဒိန်အုပ်စု၊ သမင်ခြံကျေးရွာနေ ဦးမြင့်ဆွေ[၉/မတရ(နိုင်)၀၅၇၇၃၂]၏ သမီး မလှအုံးမယ်အား မလဝန်းမေ ဟုပြောင်းလဲခေါ်ပါရန်။

**မလဝန်းမေ**

---

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီး ၊ သစ်တောဦးစီးဌာန၊
## ရန်ကုန်မြောက်ပိုင်းခရိုင်
## (ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်မှ ကျွန်းပြတင်း တံခါး/ တံခါး၊ ကျွန်းတံခါးအပိုင်းအစ၊ ကျွန်းပရိဘောဂအပိုင်းအစနှင့် အင်းစိန်မြို့နယ်၊ လှော်ကားဥယျာဉ်၊ အပန်းဖြေစခန်း(၂)ရှိ သွပ်/ ဖြောင်သွပ် (အဟောင်း)၊ ကျွန်းခွဲသား(အဟောင်း)၊ အခြားခွဲသားများအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကြော်ငြာ

၁။ သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်မှ ကျွန်းပြတင်း တံခါး/ တံခါး၊ ကျွန်းတံခါးအပိုင်းအစ၊ ကျွန်းပရိဘောဂ အပိုင်းအစနှင့် အင်းစိန်မြို့နယ်၊ လှော်ကားဥယျာဉ်၊ အပန်းဖြေစခန်း(၂)ရှိ သွပ်/ဖြောင်သွပ် (အဟောင်း)၊ ကျွန်းခွဲသား(အဟောင်း)၊ အခြားခွဲသားများအား မျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်းကို အောက်ပါအစီအစဉ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်-

**လေလံရောင်းချမည့်အစီအစဉ်**

(၁) နေ့ရက် - (၂၁-၃-၂၀၂၄)ရက်
(၂) အချိန် - နံနက် (၁၀:၀၀ )နာရီ
(၃) နေရာ - သစ်တောဓမ္မာရုံ၊ ကြို့ကုန်းသစ်တောဝင်း ဘုရင့်နောင်လမ်း၊ အင်းစိန်မြို့နယ်

၂။ သစ်တောဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်လိုင်စင်ရရှိထားသည့် သစ်အခြေခံအိမ်တွင်း စက်မှုလက်မှုလုပ်ငန်းရှင်များ၊ သစ်စက်သေး/စက်ကြီး အချောထည်စက်/ လျှာထိုးစက်လုပ်ငန်းရှင်များ၊ သစ်အရောင်းဆိုင်လုပ်ငန်းရှင်များ၊ ပန်းပုလုပ်ငန်းရှင်များ၊ ပရိဘောဂလုပ်ငန်းရှင်များသည် လိုင်စင်မိတ္တူနှင့်အတူ ဈေးပြိုင်လေလံဝယ်ယူခွင့်လျှောက်လွှာနှင့် စည်းကမ်းချက်(၁)စုံလျှင် (၃၀၀၀/-) နှုန်းဖြင့်(၁၄-၃-၂၀၂၄)ရက်နေ့မှ(၁၉-၃-၂၀၂၄)ရက်နေ့ထိ နောက်ဆုံးထား၍ မြောက်ပိုင်းခရိုင်၊ သစ်တောဦးစီးဌာန၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။

၃။ ရောင်းချမည့် လပ်ပုံများကို (၁၅-၃-၂၀၂၄)ရက်နေ့မှစ၍ လေလံပွဲ မကျင်းပမီ (၃)ရက်အလို ရုံးချိန်အတွင်း ပစ္စည်းတည်ရှိရာ နေရာများတွင် ဝယ်ယူမည့်သူကိုယ်တိုင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

၄။ ဈေးပြိုင်လေလံစနစ်ဖြင့် ရောင်းချမည့်အချက်အလက်များအား အသေးစိတ်သိရှိလိုပါက သစ်တောဦးစီးဌာန၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ တယ်လီဖုန်းအမှတ်၊ 09-421014647၊ 09-425363027၊ 09-421011036 နှင့် Email လိပ်စာ၊ ad.north.fd.yangon@ gmail.com ဦးစီးအရာရှိရုံး၊ အင်းစိန်(09-771979698)၊ မှော်ဘီ(09-259934334)မြို့နယ်၊ တယ်လီဖုန်းအမှတ်များသို့ စုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်လေလံတင်ရောင်းချရေးကော်မတီ**
**ရန်ကုန်မြောက်ပိုင်းခရိုင်**

---

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မင်္ဂလာသုခ(၂)လမ်း၊ အမှတ်(၁၂၆၈)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ်(၁၂၆၈)၊ အကျယ်အဝန်း(အလျား၄၀ပေ x အနံ၆၀ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းခြမ်း) မြေကွက်အမှတ်(၁၂၆၉)နှင့် ကပ်လျက်ခြမ်း(အလျား၂၀ပေ x အနံ ၆၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆက်နွှယ်တွယ်ကပ်လျက်ရှိသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်တင်နှောင်းရီ[၁၂/မဂဒ(နိုင်)၁၁၉၈၈၈]မှ ဂရန်အမည်ပေါက်ပိုင်ဆိုင်၍ လက်ဝယ်ထားကာ ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းသော မြေကွက်ဖြစ်ကြောင်း ဖွင့်ဟဝန်ခံကတိပြုပြောဆိုပြီး ကျွန်ုပ်၏မိတ်ဆွေသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူသည့်အတွက် ရောင်းကြေးတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ရောင်းချသူထံ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါရှိသည့်နေ့ရက်မှစတင်၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၆၈)**
**အမှတ်-၁၂၉၇/အေ၊ ဇာတိဂုဏ်လမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၀၀၅၇၄၉၈**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ ဗဟိုလမ်း(ခ)ဦးဘဟန်လမ်း၊ အမှတ်(၇၅)၊ ခတ်လှေကားပါ RC(၈)ထပ်တိုက်မှ ၈-လွှာ၊ အခန်းအမှတ်(A/807)၊ ဧရိယာ(600)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်လေးလေးနွယ်[၁၀/မလမ(နိုင်)၀၆၈၀၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဖြိုးဇေယျာမောင်[၁၂/လကန(နိုင်)၂၁၀၂၅၅]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည့်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဖြိုးဇေယျာမောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375**

---

## ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဖြိုးအောင်[၁၂/မဂတ(နိုင်)၀၉၆၁၈၄]၏ နိုင်ငံကူးလက်မှတ်အမှတ်-A-280525 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၈၈၁၆၅၁၁**

---

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသိန်းခိုင် ၏သား မောင်ထက်ဝေအောင် [၈/မလန(နိုင်)၁၃၇၁၆၀]၏ နိုင်ငံကူးလက်မှတ်အမှတ် (MG-984020) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၇၄၀၈၆၇၇**

---

## စာအုပ်စာပေ လူ့မိတ်ဆွေ

---

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂၈ (သမိုင်း)၊ မြေကွက်အမှတ်-၁၆/က-၁-ခ၊ ဧရိယာ (၀.၁၉၇) ဧကရှိ ဘီ-မြေပိုင်မြေ(အိမ်ရာမြေ) မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ် (၁၉/H)၊ ပြည်ရိပ်သာလမ်း၊ ၇-မိုင်၊ မရမ်းကုန်းမြို့နယ်ဟုခေါ်တွင်သည့်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးသန့်ဇင် [၁၂/ကမရ(နိုင်)၀၂၈၅၉၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ် (၁၅၆)၊ ယုဇနလမ်းဟုခေါ်တွင်သော အကျယ်အဝန်း(ပေ ၄၀ x ပေ ၆၀)ရှိ ဒေါ်သန်းသန်းအမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ကြီးအနက် တရားဝင်မခွဲစိတ်ရသေးသော အကျယ်အဝန်း (ပေ ၂၀ x ပေ ၆၀)ရှိ ဂရန်မိတ္တူခြမ်းမြေနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူကာ မိမိလက်ဝယ်ထားရှိစဉ် ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဒေါ်သီတာအောင်သိန်း[၁၂/ဥကမ(နိုင်) ၁၆၅၀၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးသီဒါ[၁၁/စတန(ဧည့်)၀၀၀၀၆၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း-၀၉-၄၅၁၃၇၈၀၀၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မြေကွက်အမှတ် (၈၈)၊ ရဲသူရလမ်းဟုခေါ်တွင်သော အကျယ်အဝန်း(ပေ ၄၃ x ပေ ၆၀)ရှိ ဦးဟန်ညွန့် (BSN- ၀၂၃၁၃၃)အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိလက်ဝယ်ထားရှိစဉ် ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဦးဟန်ညွန့် (BSN-၀၂၃၁၃၃)ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးတင့်နိုင်ထွန်း[၁၄/လပတ(နိုင်)၁၄၅၉၅၆]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမူရင်းများ တင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မြေကွက်အမှတ် (၁၃၁၆)၊ မင်္ဂလာသုခ(၁)လမ်းဟုခေါ်တွင်သော အကျယ်အဝန်း(ပေ ၄၀ x ပေ ၆၀)ရှိ ဦးခင်မောင်ဇော် အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေအမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူက အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူကာ မိမိလက်ဝယ်ထားရှိစဉ် ပိုင်ဆိုင်မှု အရှုပ်အရှင်း ကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဦးကျော်လင်းခိုင်[၁၀/ကတန(နိုင်)၁၀၃၀၈၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စိုးစိုးမူ [၁၄/မအပ(နိုင်)၀၀၇၃၃၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများ တင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၂၉၇)ဟုခေါ်တွင်သော အကျယ်အဝန်း(ပေ ၄၀ x ပေ ၆၀)ရှိ ဦးသိန်းဦး အမည်ပေါက် ပါမစ်မြေကွက်၏ အကျယ်အဝန်း (ပေ ၄၀ x ပေ ၆၀) ပါမစ်မူရင်းမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အရောင်းအဝယ်အဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကာ မိမိလက်ဝယ်ထားရှိစဉ် ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်းကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ကတိပြုရောင်းချသူ ဦးနေနိုင်လင်း [၁၂/ကခက(နိုင်) ၁၀၈၁၂၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သိမ့်ခိုင်ဖြိုး[၁၂/ဒဂန(နိုင်)၀၃၁၉၂၅]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ရောင်းချခွင့်မရှိကြောင်းနှင့် ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများတင်ပြပြီး ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ဘားလားအပိုင်၊ ကွင်းအမှတ်(၄၉၅-အေ)၊ လမ်းသွယ်(၁)လမ်း၊ မြေကွက်အမှတ်(၁၃၉)၊ အကျယ်အဝန်း (၁၀၀ပေX၁၂၀ပေ)ရှိ ဦးအုန်းရွှေအမည်ပေါက် မြေကွက်အား ဦးသက်နိုင် (MGDN-၀၃၉၁၈၄)ကိုင်ဆောင်သူမှ ဆက်စပ်စာချုပ်မူရင်းများဖြင့် တရားဝင်ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါရှိသည့် နေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဦးဟိန်းဇော်ထွန်း(LL.B.)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၃၄)**
**အမှတ်(၃၀)၊ (တတိယထပ်)၊ မာလာမြိုင်(၄)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉၄၂၅၃၆၈၉၆၃၊**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန
## သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာန
## “Advanced ICT Engineering သင်တန်းများအတွက် လျှောက်လွှာခေါ်ယူခြင်း”

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာနရှိ India–Myanmar Centre for Enhancement of IT Skills (IMCEITS) သင်တန်းဌာန၏ သင်တန်းအမှတ်စဉ်–၂၇ နှင့် Information and Communication Technology Training Institute (ICTTI) သင်တန်းဌာန၏ သင်တန်းအမှတ်စဉ်–၃၀ တို့တွင် အောက်ပါသင်တန်းများကို ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည် –

| စဉ် | သင်တန်း | သင်တန်းကာလ | သင်တန်းသား ဦးရေ | | သင်တန်းကြေး |
|---|---|---|---|---|---|
| | | | ပြင်ပ | ဝန်ထမ်း | |
| ၁။ | Professional Diploma in Java Programming Course (DJP) | ၂၃–၄–၂၀၂၄ မှ ၇–၁၀–၂၀၂၄ အထိ (၂၄ ပတ်) | ၂၀ | ၁၀ | ၃၀၀,၀၀၀ |
| ၂။ | Professional Certificate in Web Programming Course | ၆–၅–၂၀၂၄ မှ ၅–၆–၂၀၂၄ အထိ (၄ ပတ်) | ၂၀ | ၁၀ | ၁၀၀,၀၀၀ |
| ၃။ | Oracle Database 11g Course (SQL, PL/SQL and DBA) | ၇–၅–၂၀၂၄ မှ ၂၈–၅–၂၀၂၄ အထိ (၃ ပတ်) | ၁၅ | ၅ | ၁၀၀,၀၀၀ |
| ၄။ | Cisco Networking Academy Course (CCNA: Routing & Switching) | ၁၀–၆–၂၀၂၄ မှ ၉–၈–၂၀၂၄ အထိ (၈ ပတ်) | ၇ | ၅ | ၂၀၀,၀၀၀ |

**မှတ်ချက်။** ။အမှတ်စဉ် (၁) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ IT နှင့် ဆက်စပ်သည့် ဘွဲ့တစ်ခုခုရရှိပြီး၊ Java Programming အခြေခံရှိသူများဖြစ်ရမည်။
အမှတ်စဉ် (၂) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ အနိမ့်ဆုံး တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ (သို့မဟုတ်) ဂျပန်နိုင်ငံမှ ကြီးမှူးကျင်းပသော (၇)နိုင်ငံအသိအမှတ်ပြု ITPEC Exam (IP/FE) အောင်မြင်ပြီးသူများဖြစ်ရမည်။
အမှတ်စဉ် (၃) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ပြည်တွင်း/ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး၊ Database အခြေခံရှိသူများ (သို့မဟုတ်) ဂျပန်နိုင်ငံမှကြီးမှူးကျင်းပသော (၇) နိုင်ငံအသိအမှတ်ပြု ITPEC Exam (FE) အောင်မြင်ပြီးသူများဖြစ်ရမည်။
အမှတ်စဉ် (၄) သင်တန်းအတွက် ပြင်ပသင်တန်းသားများ အရည်အချင်းသတ်မှတ်ချက်မှာ ပြည်တွင်း/ ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိပြီး၊ Networking အခြေခံရှိသူများ ဖြစ်ရမည်။

၂။ အောက်ပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်–
(က) မိမိနှင့်တကွ မိဘနှစ်ပါးသည် နိုင်ငံသားများဖြစ်ရမည်။
(ခ) သတ်မှတ်ထားသော ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲများကို အောင်မြင်စွာဖြေဆိုနိုင်သူ ဖြစ်ရမည်။ မှတ်ချက် – (သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ တက္ကသိုလ်/ ကောလိပ်/ ကျောင်း/ ဌာနများမှ စာပိုဒ် (၁) ပါ သင်တန်းသား အရည်အချင်းသတ်မှတ်ချက်၏ ဆက်စပ်ဘာသာရပ်ပို့ချ ဆရာ/ဆရာမများသည် ဌာနအကြီးအကဲ၏ ထောက်ခံချက်ဖြင့် ဝင်ခွင့်ဖြေဆိုရန် မလိုအပ်ပါ။)
(ဂ) အခြားဝန်ကြီးဌာနများမှ ဝန်ထမ်းဖြစ်ပါက မိမိတို့သက်ဆိုင်ရာ ဌာနအကြီးအကဲ၏ ခွင့်ပြုစာ ပါရှိရမည်။
(ဃ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းတစ်ခုခုမှ သုံးလထက်မကျော်လွန်သည့် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာများကို သင်တန်းလျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

၃။ သင်တန်းများသည် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၉:၀၀) နာရီ မှ ညနေ (၄:၀၀) နာရီ အထိ အချိန်ပြည့် သင်တန်းများဖြစ်ပါသည်။

၄။ သင်တန်းလျှောက်ထားသူများသည် အောက်ပါနေ့ရက်တွင် ဝင်ခွင့်စာမေးပွဲများ ဖြေဆိုကြရမည် –
နေ့ရက် – ၈–၄–၂၀၂၄ (တနင်္လာနေ့)
အချိန် – နံနက် ၁၀:၀၀ နာရီ
နေရာ – သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာသုတေသနဌာန၊ ပါရမီလမ်းမကြီး၊ လှိုင်တက္ကသိုလ်ဝင်း၊ ရန်ကုန်မြို့။

၅။ လျှောက်လွှာများကိုသတင်းစာကြော်ငြာပါသည့်နေ့ရက်မှစတင်၍သင်တန်းရေးရာဌာန၊ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာသုတေသနဌာနသို့ ဆက်သွယ်ဝယ်ယူနိုင်ရန်နှင့် **၅–၄–၂၀၂၄ (သောကြာနေ့)** နောက်ဆုံးထား၍ လျှောက်ထားနိုင်ရန်ဖြစ်ပါသည်။

၆။ အခြားသိရှိလိုသည်များရှိပါက email: training.ictrc@gmail.com, researchict.edu@gmail.com ပေးပို့ခြင်းနှင့် တယ်လီဖုန်း– ၀၉–၂၅၉၇၉၉၅၆၅၊ ၀၉–၉၇၁၃၄၈၇၈၅ သို့ ရုံးချိန်အတွင်း၌ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်း၊ရန်ကင်းမြို့နယ်၊မြေတိုင်းရပ်ကွက်(၄၂/ခ-ကံဘဲ့)၊မြေကွက်အမှတ်(၁၄/၀) အကျယ်အဝန်း(၀. ၀၉ဧက)(အရပ်ခေါ်)ရန်ကုန်တိုင်း၊ရန်ကင်းမြို့နယ်၊(၈)ရပ်ကွက်၊မဥ္ဇူလမ်း၊ အိမ်အမှတ်(၂၄)ဟုခေါ်တွင်သည့် ဦးဘုန်းမြင့်(၉/မမန(နိုင်)၀၁၄၀၄၄)၊ဒေါ်ကြည်ကြည်(ခ)ချယ်ရီမောင်(၁၂/ရကန(နိုင်)၀၂၈၄၆၃)၊ဒေါ်သန်းသန်းရီ(၁၂/စခန(နိုင်)၀၁၃၆၄၇)အမည်ပေါက် မြေပိုင်မြေ(လန/၃၉)အိမ်ယာမြေသတ်မှတ်မြေကွက်နှင့်နေအိမ်အကျိုးခံစားခွင့်များအားအမည်ပေါက်ပိုင်ဆိုင်၍လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးဘုန်းမြင့်+၂ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်ရောင်းဘိုးငွေ၏တစိတ်တဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါကအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မည့်သူမရှိပါကအရောင်းအဝယ်ကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ခိုင်ဇင်ဦး** LL.B, D.B.L, D.I.P.L
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၉၇၆)
အမှတ် (၁၀၅၁)၊ပြဟ္မစိုရ်လမ်း၊ ၅-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း- ၀၉ ၄၂၀၀၇၀၇၂၉၊

---

### ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးအေးကျော်၏သမီး မမြတ်မိုးမိုးအေး[၁၂/မဂတ(နိုင်)၀၃၄၂၃၆]၏ နိုင်ငံကူးလက်မှတ်အမှတ် A 293650 စာအုပ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၄၅၄၅၀၇၁၅၃**

---

### ပျောက်ဆုံးကြောင်း

(ဘ) ဦးဇော်ဝင်း၏သမီး မဝင်းလဲ့ဇော် [၁၂/အလန(နိုင်)၀၄၃၄၀၀]၏ နိုင်ငံကူးလက်မှတ်အမှတ်(MA–242296) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–443223307**

---

### ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြခွာညိုကွန်ဒို၊ အခန်းအမှတ် (၅၀၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်သန်းဝေ (ISN ၅၄၆၆၅၀)ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်သီတာထွန်း [၁၂/သကတ(နိုင်)၀၇၃၂၀၉]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင် စာအုပ်ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာပါသည်။ ထုတ်ပေးရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း စာရွက်စာတမ်းအထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာန**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

---

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ ဖောင်တော်ပြန်လမ်းထောင့်တွင်ရှိသော ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေမြို့နယ်၊ မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်–၁၈၊ ဦးပိုင်အမှတ်–၂၂၊ မြေကွက်အမှတ်–၅၉၊ ဧရိယာ (၀.၁၃၇) ဧကရှိ နှစ် (၃၀) ဂရန်မြေကွက် နှင့် မြေပေါ်ရှိ (၂) ထပ် အဆောက်အအုံ (၁၆ ခန်း) ပါရှိသည့် တည်းခိုရိပ်သာနှင့် တည်းခိုရိပ်သာလုပ်ငန်းလိုင်စင် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို **ဦးရွှေထွန်းလှိုင် (၁၂/ပဇတ (နိုင်) ၀၀၂၈၆၃)** က ဂရန်အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချရန် ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ခင်အေးမာ** (စဉ်–၂၈၇၁)    **မေမီဇော** (စဉ်–၁၈၂၆၃)
တရားလွှတ်တော်ရှေ့နေများ
ဖုန်း – ၀၉–၅၁၄၉၃၈၂    ဖုန်း – ၀၉–၇၉၅၃၉၉၆၃၈
အမှတ်–၅၆၃၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

---

### “အိမ်ခြံမြေ ဝယ်ယူမည်”ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးရီဟိုက် [၁၃/လလန(နိုင်)၁၀၁၆၀၂] သည် **“ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၄) ရပ်ကွက်၊ သုခလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်–(၂၄)၊ မြေကွက်အမှတ်–(၁၃၃၇)၊ အိမ်အမှတ်–(၁၃၃၇) ဟုခေါ်တွင်သော အကျယ် (၄၀x၆၀)ပေရှိ အိမ်ခြံမြေ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**”တို့အား တရားဝင်ပိုင်ဆိုင်သူဖြစ်သော **“ဦးဇော်ငွေး [၁၂/မဂဒ(နိုင်)၀၇၇၆၃၈]”**ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့် စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မေသဥ္ဇာသိန်း (LL.B)** (စဉ်–၁၄၅၉၈)    **ဒေါ်ပွင့်သူဇာ(LL.B)** (စဉ်–၁၄၅၉၂)
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၂၁၁၁၇၂၀၄၊ ၀၉–၂၆၂၆၈၅၇၄၄၊ ၀၉–၂၆၄၆၉၇၉၀၉**

---

### ကြေညာချက်

၁၃၈၅ ခုနှစ်၊ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်း ရိုးရာယဉ်ကျေးမှုများနှင့်အညီ ကျင်းပနိုင်ရေးအတွက် ကော်မတီများဖွဲ့စည်း၍ စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ရေကစားမဏ္ဍပ်လျှောက်ထားလိုသူများသည် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ မိသားစုမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များကို ရေရရှိနိုင်ရေးအခြေအနေပေါ်မူတည်၍လည်းကောင်း၊ ယာဉ်ကြောကြပ်တည်းမှု အခြေအနေပေါ်မူတည်၍ လည်းကောင်း၊ မဏ္ဍပ်အကြီးနှင့် အလတ်များကို စနစ်တကျခွင့်ပြုနေရာချထားပေးမည်ဖြစ်ပါသည်။ ရေကစားမဏ္ဍပ် အမျိုးအစားအလိုက်ခွဲခြား၍ သတ်မှတ်လျှောက်လွှာပုံစံများဖြင့် သက်ဆိုင်ရာ ခရိုင်/မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၏ စိစစ်ထောက်ခံချက်များနှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား) သို့ လျှောက်ထား၍ မဏ္ဍပ်နေရာချထားရေးနှင့် ကြံ့ခိုင်မှုစစ်ဆေးလုပ်ငန်း ကော်မတီ၏ စိစစ်ချက်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ အတည်ပြုခွင့်ပြုချက်ရရှိမှသာ စတင်ဆောက်လုပ်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ စိစစ်ခွင့်ပြုနိုင်ရေးအတွက် ၁၅–၃–၂၀၂၄ ရက်နေ့မှ ၃၁–၃–၂၀၂၄ ရက်နေ့အထိ လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ပါသည်။ သတ်မှတ်စည်းကမ်းချက်များနှင့် လျှောက်လွှာများကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)တွင် ရယူနိုင်ပြီး သတ်မှတ်ရက်ထက်နောက်ကျလျှောက်ထားသော လျှောက်လွှာများကို လက်ခံစဉ်းစားပေးမည်မဟုတ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းနံပါတ် – ၀၁၈၃၇၁၁၂၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

---

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ စစ်ပင်တောင်ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ ကွင်းအမှတ်–၄၇၈၊ ဦးပိုင်အမှတ်(၄၅/၁)ဟု ခေါ်တွင်သော ဦးလွန်းဖေအမည်ပေါက် (တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အတွင်းမှ) ပေ ၄၀x ၁၂၀ ပေပေါ်ရှိ မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်မှုစာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် အရှုပ်အရှင်းမရှိ လက်ရှိပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်အိအိခိုင် [၁၂/ဥကတ(နိုင်)၂၁၅၃၆၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါ၍ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယမင်းမောင် (LL.B)**
**(အထက်တန်းရှေ့နေ) (စဉ်–၅၁၂၇၆)**
**တိုက်–၁၀/၁၂၊ အခန်း (၁၀၄–I) ပထမထပ်၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၇၃၆၅၃၀၃၉**

---

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀ )
### အလုံခရိုင်တရားရုံးတော်
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၄

ဒေါ်ဇင်မာမြင့် နှင့် ဦးကျော်သက်ထွန်း
**(တရားလို)** **(တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ထီးတန်းစက်မြေရပ်ကွက်၊ ကမ်းနားလမ်းမကြီး၊ (၃)လွှာ(ဘီ)၊ အမှတ်(၁၂)နေ တရားပြိုင် ဦးကျော်သက်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက **အကြင်လင်မယားအဖြစ်မှကွာရှင်းပေးစေလိုမှု**နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ **၂၀၂၄ ခုနှစ်၊ မတ်လ ၂၉ရက်** (၁၃၈၅ခု၊ တပေါင်းလဆုတ် ၅ ရက်)နေ့ မွန်းလွဲ (၁၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) **သက်ဆိုင်သည့်စာရွက်စာတမ်းများ** နှင့်သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

**၂၀၂၄ ခုနှစ်၊ မတ်လ၊ ၁၁ ရက်နေ့** ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်စန်းလင်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**အလုံခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၆-အယ်လ်)၊ မြေကွက်အမှတ်- ၁၁၇ အက်ဖ်/၁ စီ၊ ဧရိယာ (၀.၀၅၇)ဧကရှိ မြေပိုင်မြေကွက်နှင့်ယင်းမြေပေါ်ရှိ ယခုအခေါ်ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ကုက္ကိုင်းရိပ်သာလမ်း၊ အမှတ်- ၁၂ စီ ဟုခေါ်တွင်သော အိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးသိန်း[၁၄/ပသန(နိုင်)၀၁၀၃၃၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေနှင့်အိမ်တန်ဖိုးငွေ၏ စရန်ငွေအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်အိမ် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်မည့်သူများရှိပါက ဤသတင်းစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မြလှဲ့ဝင်း(L.L.B )**
**အထက်တန်းရှေ့နေ(စဉ်-၂၀၉၅၁)**
**အမှတ်-၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph- ၀၉-၅၁၅၁၈၃၃၊ ၀၉-၅၀၉၀၅၅၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်လုပ်ဆောင်းကုန်း(တောင်)ရပ်ကွက်၊ မိုးမခလမ်း၊ တိုက်အမှတ်(၆)၊ တစ်ခန်းတည်း RC (၆)ထပ်တိုက်မှ ထပ်ခိုးပါ(မြေညီထပ်)အခန်း၊ ထပ်ခိုးဧရိယာ (၁၀၁၂)စတုရန်းပေ၊ (မြေညီထပ်)ဧရိယာ (၁၀၁၂) စတုရန်းပေရှိ တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သိန်းမြင့် [၁၂/စခန(နိုင်)၀၃၁၁၂၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောစုကျော် [၁၄/ပသန(နိုင်)၂၁၂၈၆၉]၊ ဒေါ်ခက်ခက်ကျော် [၁၂/အလန(နိုင်)၀၅၀၃၃၂]၊ ဦးတင်ထွန်းအောင် [၁၂/စခန(နိုင်)၀၆၇၃၀၉]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချောစုကျော်၊ ဒေါ်ခက်ခက်ကျော်နှင့် ဦးတင်ထွန်းအောင်တို့၏**
**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B.WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၂၆၆၄)**
**Ph: 09-450023651,09-793568375**
**အမှတ်(၂၀၁)၊ ဘုရင့်ဆီလမ်း၊ (၁၂)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိ အနောက်၊ အကွက်(၅၃၃)၊ ဦးပိုင် (၄၇)၊ ဧရိယာ (၀.၀၃၅၁)ဧကရှိ ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မန္တလေးမြို့၊ စာချုပ်စာတမ်း မှတ်ပုံတင်ဦးစီးဌာနမှူးရုံးတွင် မှတ်ပုံတင်အမွေဆက်ခံစာချုပ်အမှတ် (၃၅၂/၂၀၂၄)အရ ပိုင်ဆိုင်သူ ဦးကျော်ဝင်း(အဖ) ဦးစံပွင့် [၉/မရတ(နိုင်)၀၆၁၄၁၉]သည် သမီးဖြစ်သူ ဒေါ်ခင်ချောစု [၉/မရတ(နိုင်)၀၀၀၃၇၀]ကို မှတ်ပုံတင်အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၇၀၈/၂၀၂၃)ဖြင့် လွှဲအပ်ခဲ့ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ ဦးပိုင် (၄၇) ဘိုးဘပိုင်မြေနှင့် မြေပေါ်ရှိ ပစ္စည်းအရပ်ရပ်တို့ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဒေါ်ခင်ချောစု [၉/မရတ(နိုင်)၀၀၀၃၇၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ၁။ ဒေါ်ယဉ်မေ [၉/မရတ(နိုင်)၁၁၄၁၅၇]၊ ၂။ ဦးဝင်းထက်ဖြိုး [ ၉/မဟမ (နိုင်)၀၂၂၈၅၅]၊ ၃။ ဦးလင်းထက်ဖြိုး [၉/မဟမ(နိုင်)၀၂၂၈၅၆]တို့မှ အပြီးအပြတ် ဝယ်ယူရန် ရောင်းကြေး စရန်ငွေ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ယဉ်မေ၊ ဦးဝင်းထက်ဖြိုး၊ ဦးလင်းထက်ဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချိုချိုဦး ADVOCATE**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၃၀)**
**LL.B, D.B.L, D.I.L, H.G.P, DL 101 IPLaw (GENEVA)**
**အမှတ်(၈၈)၊ ၈၅ လမ်း၊ ကျွန်းလုံးဥဿျောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**
**မန္တလေးမြို့။ ဖုန်း- ၀၉-၄၄၁၀၀၇၄၃၅ ၊ ၀၉-၇၇၈၃၈၈၁၄၅**

## ကန့်ကွက်နိုင်ပါသည်

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁၈)၊ အမှတ်(၆၀၆)၊ (ထောင့်ကွက်)၊ ဒေါ်ဝင့်ဝါလွင် အမည်ပေါက် ဂရန်မူရင်းပါ မြေအကျယ်ပေ(၄၀x၆၀)ရှိ မြေကွက်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ခင်စန္ဒာတင် [၁၂/ဥကမ(နိုင်)၂၃၆၂၆၂]မှ ဝယ်ယူပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်မည့်သူ မရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P,LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၆၆၀၅) (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ပထမထပ်၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၄၀၇၂၂၉**

### အများသိစေရန်ကြေညာချက်

လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ အပြင်ပဒံကျေးရွာ၊ ရွှေကမ်းသာယာအိမ်ရာအပိုင်း(၃)၊ ၂၃-လမ်း၊မြေတိုင်းရပ်ကွက်အမှတ်(၁၅/ ရွှေကမ်းသာယာ-၃)၊ မြေကွက်အမှတ်(၃၀၉)၊ အမှတ်(၇၇/၁၀)တွင် (၁)ထပ် Steel အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် မြေပိုင်ဆိုင်မှုအနေဖြင့် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ (၃)နှစ်အိမ်ရာဆောက်လုပ်နေထိုင်ခွင့်လက်မှတ်အမည်ပေါက် အာရှရွှေခြင်္သေ့ အပြည်ပြည်ဆိုင်ရာလီမိတက် (ကုမ္ပဏီမှတ်ပုံတင်အမှတ်-၈၉၅/ ၂၀၀၀-၂၀၀၁)မှ တင်ပြလျှောက်ထားလာ ခြင်းနှင့်စပ်လျဉ်း၍ ပူးတွဲတင်ပြထားသော မြေပိုင်ဆိုင်မှု (၃)နှစ်သက်တမ်းပါမစ်မြေအမျိုးအစား အထောက်အထားပါ ဆောက်လုပ်နေထိုင်ခွင့်လက်မှတ်မှာ သက်တမ်းကျော်လွန်နေသဖြင့် အဆောက်အဦ ဆောက်လုပ်ခွင့်တင်ပြလျှောက်ထားလာခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရွှေပြည်သာမြို့နယ်
မြေကွက်များ
ဝယ်လိုသည်
09-5139064

## ပျောက်ဆုံးကြောင်း

မသန်းသန်းစိုး [၈/မသန(နိုင်)၁၁၂၄၁၁] ကိုင်ဆောင်ထားသော ပတ်စ်ပို့စာအုပ်- No. ME 760952 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph: 09-969947002**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင် (အရှေ့)ရပ်ကွက်၊ (မင်းရဲကျော်စွာ) ဗဟိုလမ်း၊ မင်းရဲကျော်စွာ အိမ်ရာ၊ တိုက်(၃၉)၊ အခန်း(၁၄၀၁)၏အမည်ပေါက် ဦးကျော်စွာစိုး [၁၂/အလန (နိုင်) ၀၃၄၂၈၄]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်လင်းလင်းမြင့် (ခ) ခင်ဝင်းကြည် [၉/မရမ(နိုင်)၀၄၅၉၈၇]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိ ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၁၈၄၇)၊မြေဧရိယာ(၀.၁၄၆)ဧကရှိ ဒေါ်ကျင်စိန် (ဘ) ဦးဝမ် [၁၀/ကထန(နိုင်) ၀၀၉၉၇၃] အမည်ပေါက် (ပါမစ်) မြေကွက်ကို ဒေါ်တင်တင်သန်း (ဘ) ဦးဘသန်း [၁၂/တမန(နိုင်) ၀၉၁၃၉၈]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ် ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့် ဒီကရီများ၊ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာချက်

**ရေဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်(ရွှေသောင်ယံ)၊ ချောင်းသာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် (၁၉၉၀)၊ အမည်- ချောင်းသာ၊ မြေကွက်အမှတ်- (၉ ၁၈)၊ အကျယ်အဝန်းဧရိယာ (၀.၁၆၅ ဧက)ရှိ ဒေါ်ဇာလီထက် [၁၂/ကမရ(နိုင်)၀၆၇၇၈၄] အမည်ပေါက် ဂရန်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ Lucky Land Hotel အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့အား တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ **ဒေါ်ဇာလီထက် [၁၂/ကမရ(နိုင်)၀၆၇၇၈၄]**ထံမှ ကျွန်ုပ်၏မိတ်ဆွေများမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစပြီး (တစ်ပတ်)၊ (၇ ရက်)အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ/ ကျွန်ုပ်၏မိတ်ဆွေများထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးအောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ခင်ခင်တော်** | **ဒေါ်ခင်လင်းအေး** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၆၄၈၀/၁၉၉၇)** | **(စဉ်-၉၇၃၁/၂၀၁၄)** |

**အခန်း(၂၆)၊ ပထမထပ်၊ Strand Condo၊**
**မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၈၀၁၁၁၊ ၀၉-၅၀၇၂၁၈၅**

## ကန့်ကွက်နိုင်ပါသည်

မြောက်ဥက္ကလာပမြို့နယ်၊ ဥက္ကလာသီရိ(၂)လမ်း၊ အမှတ်(၁၀)၊ ဥက္ကလာသီရိကွန်ဒို၊ (၇-လွှာ)၊ (တိုက်ကိုမျက်နှာမူလျှင်- ညာဘက်ခြမ်း) ဖြစ်သော တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (ကန်ထရိုက်တာ)ဖြစ်သူ ဦးလှရွှေ [၁၂/ဒဂတ(နိုင်)၀၀၈၃၆၄]မှ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့်အရှုပ်အရှင်းတစ်စုံတစ်ရာမျှမရှိ ကင်းရှင်းပါကြောင်း ဝန်ခံပါသဖြင့် ဒေါ်မြတ်သူဇာဦး [၁၂/ဥကမ(နိုင်)၁၅၃၉၃၁]မှ စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်မြတ်သူဇာဦး၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေခိုင်(ခ)ဒေါ်မြမြငွေး(H.G.P, LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၆၀၅)၊ (၂၀-၇-၁၉၉၈)**
**ရုံး-(ဃ/၃၀၄)၊ ခေမာသီလမ်း၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း- ၀၉-၅၄၀၇၂၂၉**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၇)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၇၆)နေ ဒေါ်နွေးယုအောင် (ဘ) ဦးအောင်မြသန်း [၁၂/ဒဂတ(နိုင်)၀၄၆၀၃၆]သည် မိဘတို့၏ဆိုဆုံးမမှုကို မနာခံဘဲ မိဘများ၏ ရွှေငွေများကို ယူဆောင်ပြီး မိဘများနှင့် အဆက်အသွယ်ဖြတ်ကာ မိမိသဘောဖြင့် မိဘများမသိရှိအောင် နေအိမ်မှထွက်ခွာသွားပါသဖြင့် ယနေ့မှစ၍ ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ နောက်နောင်တွင် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်နွေးယုအောင်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအေး(LL.B,D.B.L,D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၀၇)**
**အမှတ်(၁၆၇)၊ ရော(၉)လမ်း၊ (ည)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၅၀၄၀၆၉၄၊ ၀၉-၇၆၅၀၄၀၆၉၄**

## "အရောင်းအဝယ်ပြီးမြောက်အောင်မြင်ပြီးဖြစ်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/ထူပါရုံရပ်ကွက်၊ ၁၇-လမ်းအနောက်၊ အမှတ်- ၇၆၉၊ (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦ၏ ပထမထပ် (A-1)၊ ခေါင်းရင်းခန်း (၁၇ပေx ၅၄ပေ) ကျယ်ဝန်းသော တိုက်ခန်း(၁)ခန်းအား ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သည့် ဦးဇော်မင်းသူ [၁၂/သကတ(နိုင်)၁၆၆၇၂၀] နှင့် ဒေါ်မြတ်စုမွန် [၁၂/ဥကတ(နိုင်)၁၅၅၀၅၆] တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထွေးနုစိုး [၅/ငဇန(နိုင်)၀၆၈၉၀၄]သည် (၁၂-၃-၂၀၂၄)ရက်နေ့တွင် အပြီးအပိုင် ဝယ်ယူပိုင်ဆိုင်ကာ လက်ရောက်ရရှိထားပြီးဖြစ်သည့်အတွက် အရောင်းအဝယ် ပြီးမြောက်အောင်မြင်ပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ထွေးနုစိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မျိုးမမထွန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၁၃၆)**
**အမှတ်-၂၆/ဘီ၊ ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-43052043, 09-261776828**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၃)ရပ်ကွက်၊ (၁၀)လမ်း၊ (င)ဘလောက်၊ တိုက်အမှတ်(၃၃)၊ အခန်း(၀၀၃)၊ ၅-ထပ်တိုက်၊ ၄ ခန်းတွဲ အဆောက်အဦ၏ မြေညီထပ်တိုက်ခန်းအား ဒေါ်ချိုသက်စုဦး [၁၂/ကမရ(နိုင်)၀၅၅၉၅၈]မှ တရားဝင် ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆိုသဖြင့် ၎င်းထံမှ အဆိုပါတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဲစုပိုင် [၆/ကသန(နိုင်)၀၃၂၅၂၂]က ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုများမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်အောင် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၃၀)**
**ဖုန်း- ၀၉-၄၃၀၆၄၆၇၆၊ ၀၉-၇၇၄၃၀၆၄၆၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ ဟံသာရိပ်မွန်အိမ်ရာ၊ တိုက်(၁၀၁/၁၀၂)၊ အခန်း (၁၀၁) ပထမထပ်၏ အမည်ပေါက် ဒေါ်တင့်တင့် [၁၂/ရကန (နိုင်)၀၁၃၄၀၁]ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်သန့်သန့်စိုး [၁၄/မအပ(နိုင်)၁၈၇၈၆၂]က တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဈ၊ ရော (၆)လမ်း၊ မြေကွက်အမှတ်- ၉၁၂/က ဟုခေါ်တွင်သော အကျယ်အဝန်း (၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်မှာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးခွေး [၁၂/ဥကမ(နိုင်)၀၂၂၀၇၂] အမည်ပေါက်ဖြစ်ပြီး ယနေ့အချိန်ထိ တရားဝင်လက်ဝယ် ပိုင်ဆိုင်ထားရှိသူဖြစ်ပါသည်။

အဆိုပါမြေကွက်၏ နှစ်(၆၀) ဂရန်မူရင်းမှာ နာဂစ်မုန်တိုင်းကြောင့် ပျောက်ဆုံးသွားပါသဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၂ ခုနှစ်၌ နှစ်(၆၀)ဂရန်မိတ္တူမှန်လျှောက်ထားခဲ့ရာ (၂၆-၁၀-၂၀၂၃) ရက်နေ့တွင် နှစ်(၆၀)ဂရန်မိတ္တူမှန်ရရှိခဲ့ပြီး ကျွန်ုပ်တို့၏မိတ်ဆွေမှာ ယနေ့အချိန်ထိ တရားဝင် လက်ဝယ်ပိုင်ဆိုင် နေထိုင်လျက်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဖြိုးသက်ဦး (LL.B)** | **ဒေါ်နှင်းယုဝေအေး (LL.B, LL.M, D.I.L)** |
| **(စဉ်-၁၈၅၀၃)** | **(စဉ်-၁၈၂၃၇)** |

**တရားလွှတ်တော်ရှေ့နေများ**
**တိုက်အမှတ်(၁၁၅)၊ အခန်းအမှတ်(၁၀၁)၊ ပထမထပ်၊**
**အဓိပတိအင်အားမီနီကွန်ဒို၊ သုဓမ္မာလမ်းမကြီး၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၇၉၉၀၈၂၁၁၅၊ ၀၉-၄၀၀၀၀၆၁၉၉**

## "ကန့်ကွက်နိုင်ပါကြောင်း"

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဆင်ဆိပ်ရပ်ကွက်၊ ရေးလမ်း၊ (၁၅၇)နေ ဦးစိုးဦး [၆/ထဝန(နိုင်)၁၀၇၀၄၆]သည် (၁၃-၇-၂၀၂၁)ရက်နေ့တွင် Soueast Motor Myanmar Co.,Ltd.မှ Soueast DX7 Prime (9R/6222) White ယာဉ်အား Dagon Arr Mahn Thit Co.,Ltd. နှင့် ချိတ်ဆက်၍ (HP)အရစ်ကျစနစ်ဖြင့် ဝယ်ယူခဲ့ပြီး လစဉ်ပေးသွင်းရမည့်ငွေများကို ပေးသွင်းရန်ကျန်ရှိနေပါသည်။ ယခုအခါ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဇဟာကျေးရွာ၊ ရေးလမ်း၊ (၁၁၃)နေ ဦးစိုးသူ [၆/ထဝန(နိုင်)၁၀၃၂၈၄]သည် ၎င်းလက်ဝယ်တွင် အဆိုပါယာဉ်၊ ဗီးတက်မူရင်း၊ မော်တော်ယာဉ်နှင့် ဝယ်ယူထားသော စာချုပ်တို့အား တင်ပြ၍ ပေးသွင်းရန်ကျန်ငွေများကို တစ်လုံးတစ်ခဲတည်းပေးသွင်းပြီး ယာဉ်ပိုင်ဆိုင်မှုစာအုပ် (Owner Book) မူရင်းအား ထုတ်ယူရန် Soueast Motor Myanmar Co.,Ltd.ထံသို့ တောင်းဆိုလာသောကြောင့် ထုတ်ပေးတော့မည်ဖြစ်ရာ ဦးစိုးဦးနှင့်တကွ မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ယခုကြေညာစာပါသည့်နေ့မှစ၍ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ Soueast Motor Myanmar Co.,Ltd. ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**Soueast Motor Myanmar Co.,Ltd ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သူသူထွန်း ( LL.B, D.B.L, WIPO-Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၉၆၆)**
**အမှတ်(၄၄၀)၊ ဝေဇယန္တာလမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၂၀၀၅၃၂၇၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၊ မြေကွက်အမှတ်- ၇၄၅/၁၂၅၀ စ/ပေ၊ မြေကွက်တည်နေရာ အမှတ်(၇၄၅)၊ သုမိတ္တာ (၁၉)လမ်း၊ (၁)ရပ်ကွက်၊ ဦးကျော်ခင် [၁၂/ဥကမ(နိုင်)၁၂၀၆၆၁] ဦးသန်း[၁၂/ဥကမ(နိုင်)၁၂၁၆၁၃] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဦးကျော်ခင်(ဖခင်)သည် (၂၇-၆-၂၀၀၀)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ခင်ကြည်(မိခင်)သည် (၂၇-၂-၁၉၉၈)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့သဖြင့် ဒေါ်ဝင်းကြည် [၁၂/ဥကတ(နိုင်)၁၉၆၇၉၆]၊ ဒေါ်မြသန်းချို [၁၂/ဥကမ(နိုင်)၁၈၇၄၂၉]တို့မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် သမီး(၂)ဦးတော်စပ်ကြောင်း၊ မိမိတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိသည်မှာ မှန်ကန်ကြောင်း၊ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဦးသန်း(ဖခင်)သည် (၅-၁၁-၁၉၉၆)ရက်တွင်လည်းကောင်း၊ ဒေါ်မြမေ(မိခင်)သည် (၁၀-၅-၁၉၉၇)ရက်နေ့တွင်လည်းကောင်း ကွယ်လွန်ခဲ့ကြသဖြင့် ဦးတင်မြင့် [၁၂/ဥကမ(နိုင်)၁၂၁၆၀၂]မှ တရားဝင် အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသောသားတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်လွှာအမှတ်- ၁၄၁/၂၀၂၃/၁၁-၁၀-၂၀၂၃၊ ထောက်ခံကျမ်းကျိန် (၂)စောင်၊ သေစာရင်း၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ (၂၁-၉-၂၀၂၃)ရက်စွဲပါ ဦးသန်းနှင့် ဒေါ်မြမေ၏ သေစာရင်းမှတ်တမ်းမှာ ယင်းရုံးရှိစာရင်းဌာနတွင် ရှာဖွေမတွေ့ရှိသဖြင့် သေစာရင်းမိတ္တူမှန်ထုတ်ပေးခြင်းမပြုနိုင်ကြောင်း အကြောင်းပြန်ကြားစာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ(၁၇-၉-၂၀၂၃)ရက်စွဲဖြင့် ဦးသန်းသည်(၅-၁၁-၉၆) ရက်နေ့တွင်လည်းကောင်း ၊ ဒေါ်မြမေသည် (၁၀-၅-၉၇)ရက်နေ့တွင်လည်းကောင်း သေဆုံးကြောင်း ထောက်ခံစာ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၈-၉-၂၀၂၃)ရက်စွဲဖြင့် ဦးသန်းသည် (၅-၁၁-၉၆)ရက်နေ့တွင်လည်းကောင်း၊ ဒေါ်မြမေသည် (၁၀-၅-၉၇)ရက်နေ့တွင်လည်းကောင်း သေဆုံးကြောင်း ထောက်ခံစာ၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်း၊ ဒေါ်ဝင်းကြည်၊ဒေါ်မြသန်းချိုတို့ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၁၀၁၂/၂၀၁၄/၅-၈-၂၀၂၄ ဖြင့်ရရှိသူ ဦးထိုက်လင်းစိုး[၇/ဝမန(နိုင်)၀၇၈၁၁၀]မှ ကိုယ်စားလှယ်လွှဲစာ၊ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်း ၊ ပါဝါမရုပ်သိမ်းသေးကြောင်း၊ ကျမ်းကျိန်လွှာတို့ ပူးတွဲတင်ပြပြီး၊ ကျန်ပူးတွဲလျှောက်ထားသူ ဦးတင်မြင့်နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

**ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်ကွင်းရပ်ကွက်၊ သောက်တော်ကွင်းလမ်း၊ အကွက်အမှတ် (၇)၊ အညာစုအကွက်၊ မြေအမှတ် (၆၈)၊ ဦးပိုင်အမှတ် (၁၆၄/က)၊ ဧရိယာ (၇.၃၂၅)ကေအနက်မှ အကျယ်အဝန်း (ရှေ့မျက်နှာစာ ၂၅x အရှည် ၁၃၀)ပေရှိ မြေကွက်အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်ကို တရားဝင် ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဦးဇော်ဇော်ဦး [၁၂/သလန(နိုင်)၀၇၉၃၂၈]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

---

## ဦးဝင်းလက်
### အသက်(၆၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ (၂၉)ရပ်ကွက်၊ တိုက်(၁၈၃)၊ အခန်း(၈)၊ ကောက်လျင်လမ်းသွယ်(၄)နေ ဦးမောင်မောင်အေး-ဒေါ်သန်းသန်းတင်တို့၏ သား၊ (ဦးမောင်မောင်-ဒေါ်ငွေကြည်)တို့၏ သားသမက်၊ ဦးဇော်မင်းသိန်း-ဒေါ်ခင်ပပမွန်၊ (ဦးညိုမင်းအေး)-ဒေါ်ခင်မာလွင်၊ ဦးသီဟဆွေ-ဒေါ်ကြည်ညိုမြတ်တို့၏အစ်ကို၊ မဝင်းလက်အေး၊ မောင်အောင်သုခစိုးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ တူ/တူမ မြေးကြက်ယောက်တို့၏ ကျေးဇူးရှင်ဘကြီး၊ ဒေါ်အေးအေးမိုး၏ချစ်လှစွာသောခင်ပွန်း ဦးဝင်းလက် အသက်(၆၀)နှစ်သည် ၁၃-၃-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၀၀:၅၇ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် မိုးကောင်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၁၅-၃-၂၀၂၄ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၉-၃-၂၀၂၄ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကျင်အေး
### အသက်(၉၀)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးမောင်မောင်ကြည်)၏ ဇနီး၊ ဦးသန်းတင်-ဒေါ်နီနီမြင့်တို့၏ အစ်မ၊ ဒေါက်တာစိန်စိန်-ဒေါက်တာကျော်ဝင်း၊ ဒေါက်တာအောင်ကြီး-(ဒေါက်တာခင်ခင်မြင့်)၊ ဒေါ်သင်းသင်း-ဦးမိုးအောင်၊ ဒေါက်တာအောင်ချွန်း-(ဒေါ်ဖရီရာတန်)တို့၏ မိခင်၊ ဒေါက်တာခင်စုမွန်၊ ဒေါက်တာသန်းကြွယ်ဦး-ဒေါက်တာစုနန္ဒာထက်၊ ဒေါက်တာပြည့်ဖြိုးသင်း၊ ဒေါက်တာစုမြတ်ကြင်၊ မတိုးတိုးအောင်ကြီးတို့၏အဘွား ဒေါ်ကျင်အေး (ခေတ္တ-အမေရိကန်)သည် အင်ဒီယားနားပြည်နယ်၌ ၁၂-၃-၂၀၂၄ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၃-၂၀၂၄ ရက်တွင် အင်ဒီယားနားပြည်နယ်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ရောက်ရာဘဝ၌ ချမ်းသာသုခ ရရှိခံစားပါစေခြင်းအကျိုးငှာ ၁၈-၃-၂၀၂၄ (တနင်္လာနေ့) နံနက် ၁၀:၃၀ နာရီတွင် ဘုရားအမှူးရှိသော သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်းခဲဖွယ် လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ တရားတော်မြတ်ကို အနောက်ရွှေဂုံတိုင်၊ အမှတ်(၁၆၉) နေအိမ်၌ ဆွမ်းကျွေးတရားနာမည်ဖြစ်ပါသောကြောင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ ၁၃၆-လမ်း၊ အမှတ် (၂၇)ဟုခေါ်တွင်သည့် မြေပိုင်ဆိုင်မှု အကျိုးခံစားခွင့်အပါအဝင် လှေကားခွင်အရောင်းအဝယ်နှင့် စပ်လျဉ်းပြီးကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေပိုင်ဆိုင်မှုနှင့် လှေကားခွင်ကို တရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ **ဒေါ်သူဇာဝင်း [၁၂/သဃက(နိုင်)၁၄၃၀၃၀]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-5017044**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၃၆-D၊ လူနေရပ်ကွက်အမှတ်-၁၀၊ သံလွင်လမ်း၊ မြေကွက်အမှတ်-၂၆ အီး/၁-ခ၊ အိမ်အမှတ်- ၁၁၇/စီ၊ ဧရိယာ(၀.၀၆၈)ကေရှိ ဦးဝင်းသော်ဦး အမည်ပေါက်မှတ်သားထားရှိသော မြေပိုင်မြေအမျိုးအစားမြေကွက်နှင့်မြေကွက်ပေါ်ရှိ လူနေအိမ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်မြေအား ရောင်းချသူအမည်ပေါက်ထွက်ရှိ၍ လက်ဝယ်ထားရှိပိုင်ဆိုင်နေထိုင်သူ ပိုင်ရှင် ဦးဝင်းသော်ဦး[၁၂/ကမရ(နိုင်)၀၀၂၈၅၃] ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နန်းစံဆိုင် [၁၂/ကတတ(နိုင်) ၀၂၁၉၁၂]မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ အိမ်မြေ၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူ မည်သူမဆို ယနေ့မှစ၍ (၁၄)ရက်အတွင်း အိမ်မြေပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နန်းစံဆိုင်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁၂/ကတတ(နိုင်)၀၂၁၉၁၂]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အမှတ်-၃/M၊ အောင်သိဒ္ဓိရိပ်သာ** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊** |
| **လမ်းသွယ်(၁)၊ (၃)ရပ်ကွက်၊** | **(၅)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။** |
| **မရမ်းကုန်းမြို့နယ်။** | **ဖုန်း-၀၉-၅၁၈၉၆၈၉** |

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ STAR CITY ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်း၊ သံလွင်ရိပ်မွန်အိမ်ရာ၊ တိုက်အမှတ် (B-4)၊ Zone-B၊ အခန်းအမှတ်(၁၀၀၉)၊ LEVEL (10)၊ RC (၁၂)ထပ်ခွဲ အဆောက်အဦမှ ဧရိယာ (၉၄၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်းတွင် ပါရှိသော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးလင်းမြိုင် [၁၂/ကမရ(နိုင်)၀၂၇၃၃၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးရဲဂေါင်ကျော် [၁၂/ဗဟန(နိုင်)၁၀၀၃၂၉] နှင့် ဒေါ်မေမြတ်ဖြူစင် [၁၂/ဗဟန(နိုင်)၀၉၃၁၁၄]တို့က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲဂေါင်ကျော် နှင့် ဒေါ်မေမြတ်ဖြူစင်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးအောင်သိန်း(LL.B)** | **ဒေါ်မေမီလှိုင်(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၄၃၂)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၆၅)** |
| **ဖုန်း-၀၉ -၅၄၀၁၉၄၀** | **ဖုန်း-၀၉-၄၂၈၂၂၇၃၁၃** |

**အမှတ်(၁၆၅)၊ ပထမထပ်၊ (၃၈)လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

**ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ၁၆/၃-ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၂၈၈)၊ အခန်းအမှတ် (၁)၊ အကျယ်အဝန်း (၁၉x၅၀)ပေရှိ မြေညီထပ်ဟုခေါ်တွင်သည့် တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ **Homes and Infrastructure Development Co.Ltd** ၏ ကိုယ်စား **ဒေါ်ရွှေရည်ဝင်း [၁၂/တမန(နိုင်)၀၉၅၅၈၉]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်- ၄၀၃၅)**
**LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇)**
**B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂)**
**အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel: 294766 HP: 09-501 7044**

---

## သားအဖြစ်မှ စွန့်လွှတ်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ ရောဝတီလမ်း၊ အမှတ် (၉/၁၃၈၁/က)နေ ဖခင် ဦးအောင်ဝင်း [၁၂/လကန(နိုင်)၀၃၃၁၃၃]၏သား မောင်မင်းမင်းထွန်း [၁၂/ဒဂတ(နိုင်)၀၉၆၈၆၄]သည် ဖခင်၏ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ (၃-၃-၂၀၂၄)ရက်နေ့တွင် အိမ်ပေါ်မှ ဆင်းသွားပါသဖြင့် ၎င်းအား သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်းနှင့် ၎င်း၏ကိစ္စအဝဝအား တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးအောင်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇေယျာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၅)**
**တိုက်(၁၉၀)၊ အခန်း(၁)၊ ကမာကြည်လမ်းနှင့် ညောင်အိုင်လမ်းထောင့်၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၆၃၇၇၄၃၈၀**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာအရှေ့ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ ကျန်စစ်မင်းအိမ်ရာ၊ အပိုင်း(၂)၊ (၄ ခန်းတွဲ- ၅ထပ်)တိုက်အမှတ်(၂၃)၊ အခန်းအမှတ်(၃၀၂)၊ တတိယထပ်၊ အကျယ်အဝန်း (၈၀၀)စတုရန်းပေရှိ တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် ပါဝင်သော အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဒေါ်ဝေဝေလွင် (၁၂/မရက(နိုင်)၁၄၁၀၁၉)မှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော တိုက်ခန်းဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံပြောဆိုပြီး ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သော ဒေါ်ခင်ငုံးဖွန်စံ (၁၃/နမတ(နိုင်)၀၇၀၇၆၁)မှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ယနေ့မှစ၍ (၃)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင် ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြုလုပ်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်အေးမြင့်ထွန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၀)**
**(LL.B,GTI(EC),DL-101,WIPO (Switzerland))**
**အမှတ်(၃၃/အေ)၊ ပထမထပ်၊ သိဒ္ဓိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။**
**၀၉-၅၁၄၇၃၈၄ ၊ ၀၉ ၄၂၅၀၁၅၀၃၄၊ ၀၉ ၇၉၂၃၉၇၁၀၇**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်- 27A၊ မြေကွက်အမှတ်- ၃၃/၁ U၊ ဧရိယာ (၀.၀၅၄)ကေ၊ မြေကွက်တည်နေရာ- အမှတ်(၁၈)၊ ဦးကောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ဒေါ်ပန်းမြိုင် (CF-075998) အမည်ပေါက်၊ ဂရန်ရှိ မြေပိုင်မြေကွက်၏ ဧရိယာ (၀.၀၅၄)ကေအနက် ဧရိယာ (၀.၀၂၇)ကေရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၈)၊ ဦးကောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်ဟု ခေါ်တွင်သော (၁၇ပေx ၅၁ပေ) အကျယ်အဝန်းရှိ (၂)ထပ်အုတ်ညှပ်တိုက် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ပိုင်ဆိုင်ကြောင်းစာချုပ် အမှတ်- ၁၀၂၀၆/၂၀၂၃ (၂၀-၁၁-၂၀၂၃)ဖြင့် ရရှိသူ ဦးစောဝီလီ [၁၂/ဗတထ(နိုင်)၀၀၄၅၆၆]နှင့် ဒေါ်နော်မရီနာကျော်မြ [၁၂/ဗတထ (နိုင်) ၀၀၃၂၅၆]တို့ထံမှ ရန်ကုန်မြို့တော် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်- ၂၃၄၈/၂၀၂၃(၆-၂-၂၀၂၃)နှင့် ၁၅၂၈၉/၂၀၂၂ (၂၆-၈-၂၀၂၂)တို့ဖြင့် GP ရရှိသူ ဦးရဲရန်နောင် [၁၂/ကမတ (နိုင်)၀၄၉၈၈၉၁]နှင့် ဦးစောရန်လင်းအောင် [၁၂/ ကမတ(နိုင်) ၀၅၇၀၆၃] တို့က GP၊ GP ပေးသူသည် ယနေ့တိုင် သက်ရှိထင်ရှားရှိကြောင်းနှင့် GP ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာ/ကတိသစ္စာပြုလွှာ၊ အမည်ပေါက်စာချုပ်၊ သေတမ်းစာ အတည်ပြုချက်လက်မှတ်၊ သေတမ်းစာ၊ ပိုင်ဆိုင်ကြောင်းစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့ကိုတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၁၀၂၀၆/၂၀၂၃ (၂၀-၁၁-၂၀၂၃)ဖြင့် ၎င်းတို့ပိုင်ဆိုင်သည့် အစိတ်အပိုင်းအား မြေကွက်ခွဲစိတ်ရန်အတွက် မြေကွက်ခွဲမြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မွန်ပြည်နယ်၊ သထုံမြို့နယ်၊ မရမ်းကုန်းကျေးရွာ၊ ရွာကြီးပိုင်းနေ ဦးကျော်နိုင် [၁၀/သထန(နိုင်)၁၁၇၃၆၉]နှင့် ဒေါ်အေးမြင့် [၁၀/သထန(နိုင်)၀၆၁၁၁၀]တို့၏သမီး မခင်ဖူးဇွန် [၁၀/သထန(နိုင်)၂၆၃၈၄၀]သည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အမျိုးမျိုးစိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်းနှင့် ယနေ့မှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့် ကိစ္စကိုမျှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးကျော်နိုင် နှင့် ဒေါ်အေးမြင့်**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၄)ရပ်ကွက်၊ ပန်းဆိုးတန်းလမ်း၊ အမှတ်(၅၀)နေ ဦးခင်ရွှေ [၁၂/ဥကမ(နိုင်)၀၃၀၉၀၄]၏ သမီးကြီး နော်ဟယ်ရီရွှေ[၁၂/ကတတ(နိုင်)၀၃၂၂၅၇]သည် မိဘ၏ဆိုဆုံးမမှုများကိုမနာခံဘဲ မိမိဆန္ဒအရ အိမ်ပေါ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးခင်ရွှေ [၁၂/ဥကမ(နိုင်)၀၃၀၉၀၄]**

---

**မူးယစ်ကို ပစ်**
**ပန်းတိုင်သစ်**
**စိတ်သစ်**
**လူသစ်**
**ဘဝသစ်**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂-Zေ၊ မြေကွက်အမှတ်- ပဉ္စမတန်းစား ၃၉၊ မြေကွက်တည်နေရာအမှတ်- ၃၉၊ ၁၃ လမ်း၊ ၆ ရပ်ကွက်၊ လမ်းမတော်မြို့နယ် ဒေါ်ဌေးဌေး [၁၂/လမတ (နိုင်)၀၂၄၉၂၆]၊ ဦးဝင်းမြင့် [၁၂/လမတ(နိုင်)၀၂၄၈၄၀]၊ ဒေါ်ဖြူဖြူဝင်း [၁၂/လမတ(နိုင်) ၀၁၈၈၀၆] အမည်ပေါက် နှစ်(၉၀)မြေငှားဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးဝင်းမြင့်မှာ (၂၄-၁၂-၂၀၂၂)နေ့တွင် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ခဲ့ပါသည်။ ဦးဝင်းမြင့်၏အစုအတွက် ဒေါ်သူဇာထွေးနှင့် ဒေါ်ဖြူဖြူဝင်းမှ ၎င်းကိုယ်တိုင်နှင့် ကွယ်လွန်သူ ဦးဝင်းမြင့်၏အစုအတွက် ဒေါ်သူဇာထွေးတို့မှ ပူးတွဲပိုင်ရှင် ဒေါ်ဌေးဌေးနှင့်အတူ ပိုင်ဆိုင်စာချုပ်ချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ချုပ်ရန် သေစာရင်း၊ ဂရန်မူရင်း၊ နိုင်/ကတ်၊ ပိုင်ဆိုင်စာချုပ်၊ စွန့်လွှတ်စာချုပ်၊ အိမ်ထောင်စုစာရင်း၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်၊ စွန့်လွှတ် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ်(၂၉)ရှိ Hall (၆ထပ်တိုက်)၏ ၅ လွှာ (စတုတ္ထထပ်)၊ (၂၅ပေ x ၅၀ပေ)ခန့်ရှိ ရေမီးအစုံ တိုက်ခန်းတစ်ခန်းဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား ပိုင်ဆိုင်မှုစာချုပ် အဆက်အစပ်များဖြင့် တရားဝင်ပိုင်ဆိုင်သူ ဒေါ်ဖူးဖူးမြတ်နိုး[၁၂/အစန(နိုင်)၂၃၂၀၂၃]ထံမှ ဒေါ်စန်းစန်းလှိုင် [၁၁/ဂမန(နိုင်)၀၀၀၄၉၇]က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကမာရွတ်မြို့နယ်၊ (၆)ရပ်ကွက်၊ (နှင်းဆီလမ်း)၊ (Hiway Complex)အိမ်ရာ(၁၂)ခန်းတွဲ၊ (၆)ထပ်တိုက်၏ တိုက်အမှတ် (C)(စတုတ္ထထပ်)၊ တိုက်ခန်းအမှတ်(၄၀၇)၊ ဧရိယာ(၁၃၅၀)စတုရန်းပေခန့်ရှိ ရေမီးအစုံတိုက်ခန်း တစ်ခန်းအား ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သော ဒေါ်ခင်သန္တာစိုး [၁၂/ဒဂန(နိုင်)၀၂၉၀၉၆]ထံမှ ဦးအောင်မိုးကျော် [၇/ပခန(နိုင်)၀၅၀၈၉၇]+ ဒေါ်လဲ့လဲ့ခိုင် [၇/ပခန(နိုင်) ၀၅၀၉၄၀]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Japan - ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၄၈ / ၃၁-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-767772099, 09-774597373, 09-767779901**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ခြင်းဖြင့် ကုန်ထုတ်လုပ်မှုများကို ပိုမိုဆောင်ရွက်နိုင်ပြီး ထွက်ရှိလာသည့် ကုန်ကြမ်းပစ္စည်းများအပေါ်မူတည်၍ ပြည်တွင်းစားသုံးမှုနှင့် ပြည်ပပို့ကုန်များ တိုးတက်ရရှိလာမည်ဖြစ်ကာ လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီးနှင့် ဝန်ဆောင်မှုကဏ္ဍကြီးများ တိုးတက်လာမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ညီနောင်အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးကိစ္စရပ်များ ဆွေးနွေးပွဲမှ အမှာစကားကောက်နုတ်ချက်)

## ယနေ့ ဖတ်စရာ

**ဂျပန်နိုင်ငံ၌ အမိုးနီးယားဓာတ်ငွေ့ကို လျှပ်စစ်ထုတ်လွှတ်ရေးတွင် လောင်စာအဖြစ်အသုံးပြုမည်**

စာမျက်နှာ » ၁၃

**AA အကြမ်းဖက် သောင်းကျန်းသူများ ပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် စစ်တွေမြို့နယ် ရွှေပြည်သာကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်)ကျောင်းဝင်းအတွင်းမှ စာသင်ဆောင်များပျက်စီး**

စာမျက်နှာ » ၁၆

## ရန်ကုန်-မန္တလေးရထားလမ်းပိုင်း တောင်ငူ-သောင်းတိုင်ကုန်းဘူတာအကြား တံတားအမှတ်(၂၆၃) (ခပေါင်းတံတား) အား အကြမ်းဖက်သောင်းကျန်းသူများက မိုင်းဖောက်ခွဲဖျက်ဆီး




အကြမ်းဖက်သောင်းကျန်းသူများ၏ မိုင်းဖောက်ခွဲခံရသည့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း တောင်ငူ-သောင်းတိုင်ကုန်းဘူတာအကြား တံတားအမှတ်(၂၆၃) ခပေါင်းတံတားကို တွေ့ရစဉ်။

နေပြည်တော် မတ် ၁၃

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း မတ် ၁၂ ရက် ည ၈ နာရီ ၃၇ မိနစ်ခန့်တွင် တောင်ငူ-သောင်းတိုင်ကုန်းဘူတာအကြား၊ မိုင် (၁၆၄/၁၂-၁၃)ကြား တံတားအမှတ်(၂၆၃) အရှည်ပေ ၆၈၀ သံပေါင်တံတား (ခပေါင်းတံတား)ပေါ်တွင် မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ နယ်မြေခံလုံခြုံရေးအဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ တံတား၏ လူသွားလမ်းအတက်အုတ်ခုံပျက်စီးခဲ့ကြောင်းတွေ့ရှိရပြီး တောင်ငူ-သောင်းတိုင်ကုန်း ရထားလမ်းပိုင်းအား ယနေ့နံနက် ၆ နာရီတွင် ခေတ္တပိတ်ခဲ့ရသည်။

မိုင်းပေါက်ကွဲမှု ဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်းများက တံတားကြံ့ခိုင်မှုနှင့်

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❍

## အာဆင်နယ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် တက်လှမ်း

အာဆင်နယ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ဟာ မတ် ၁၃ ရက်နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်(၁၆)သင်း အဆင့်ပွဲစဉ်တွေမှာ ပြိုင်ဘက်အသင်းတွေကို အနိုင်ရရှိခဲ့တာကြောင့် ကွာတားဖိုင်နယ်တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။



အာဆင်နယ်အသင်းနှင့် ပေါ်တိုအသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

အာဆင်နယ်ဟာ ချန်ပီယံလိဂ်(၁၆)သင်းအဆင့်မှာ ပေါ်တိုအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့ရပြီး ပထမအကျော့မှာ ပေါ်တိုအသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရခဲ့ပြီး ယခုဒုတိယအကျော့မှာ အာဆင်နယ်အသင်းက တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာကြောင့် ပင်နယ်တီအဆုံးအဖြတ်ခံယူရာမှာ အာဆင်နယ်အသင်းက ပေါ်တိုအသင်းကို လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရပြီး ကွာတားဖိုင်နယ် တက်ခဲ့တာဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အာဆင်နယ်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❖

## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ Play-off ဗိုလ်လုပွဲ ဒုတိယပွဲတွင် VUC အသင်း ပြန်အနိုင်ရသဖြင့် တတိယပွဲ ထပ်မံကစားရမည်

ရန်ကုန် မတ် ၁၃

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ Play-off ဗိုလ်လုပွဲ ဒုတိယပွဲကို မတ် ၁၃ ရက်က MFF ဖူဆယ်အားကစားရုံ၌ ကျင်းပရာ VUC အသင်းက MIU အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် ပြန်လည်အနိုင်ရခဲ့သည်။

### တတိယပွဲထပ်မံကစားရမည်

VUC အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ချန်ပီယံအသင်း အဖြေထွက်ပေါ်ခြင်းမရှိသေးဘဲ အဆုံးအဖြတ် တတိယပွဲထပ်မံကစားရမည်ဖြစ်သည်။ ပထမပွဲတွင် အနိုင်ရထားသည့် MIU အသင်းသည် ယခုပွဲထပ်မံအနိုင်ရပါက ချန်ပီယံဆု ထပ်မံရယူနိုင်မည်ဖြစ်သော်လည်း VUC အသင်းက အနိုင်ရခဲ့သဖြင့် တစ်ပွဲစီအနိုင်ရကာ တတိယပွဲထပ်မံကစားရမည်ဖြစ်သည်။

စာမျက်နှာ ၁၅ ကော်လံ ၄ သို့ ❂